# မာတိကာ


| | |
|---|---|
| သီလရှင်ကို ရှိခိုးထိုက် ရှိမခိုးထိုက် | ၁၁ |
| တရားစီရင်မှု | ၁၂ |
| သရဏဂုံညှိုးနွမ်းမှု | ၁၃ |
| သေခြင်းတရားဆင်ခြင်မှုနှင့် လက္ခဏာရေးသုံးပါး ဆင်ခြင်မှု | ၁၅ |
| ဆုတောင်းပေးခြင်း | ၁၆ |
| ဥပုသ်မစောင့်မီ နံ့သာ သနပ်ခါးလိမ်းခြင်း | ၁၇ |
| မိခင်နို့ရည် | ၁၈ |
| စာမေးပွဲခိုးချမှု | ၁၉ |
| ဟောတု–ဟောမိနှင့် သောတာပန်အကြောင်း | ၂၂ |
| အသညသတ်ဘုံနှင့် ရုပ်ပြိစ်ရှစ်ပါး | ၂၄ |
| ရဟန်းသံဃာများအား ရေကပ်လှူခြင်းနှင့် အကပ်ခံရသောပစ္စည်းများ | ၂၅ |
| မေတ္တာအရာ၌ အမြတ်ဆုံးတေဒဂ် | ၂၇ |
| ခေတ်ကြီးလေးပါး ဆွမ်းတော်ကပ်အလှူ | ၂၈ |





| | |
|---|---|
| သံဃိကအုန်းသီး | ၃၀ |
| အရူပဗြဟ္မာနှင့် အသညသတ်ဗြဟ္မာ | ၃၁ |
| ရဟန်းမိန်းမ | ၃၃ |
| ထီးဖြူထားသင့် မထားသင့် | ၃၄ |
| ရှိခိုးသင့် မခိုးသင့် | ၃၅ |
| ဗုဒ္ဓကိစ္စ ငါးမျိုး | ၃၆ |
| ဗုဒ္ဓရုပ်ပွားတော်၌ သစ်သီးဆွမ်းလှူဒါန်း | ၃၉ |
| ရွှေသင်္ကန်း ကပ်လှူရာဝယ် | ၄၀ |
| နားရောဂါပျောက်ဂါထာ | ၄၂ |
| စေတီထိုက်သော ပုဂ္ဂိုလ် | ၄၄ |
| ကျောင်းမြေပိုင်ဆိုင်မှု | ၄၆ |
| အသက်တိုခြင်း၊ ရှည်ခြင်း | ၄၇ |
| မတုန်မလှုပ်သော သောတာပန် | ၄၉ |
| ရဟန်းနှင့်လူ အတူတူရွတ်ဖတ်သော် | ၅၀ |
| စိတ်ကောင်းနှလုံးကောင်း | ၅၁ |
| ပရလောက ဟူသည် | ၅၂ |
| ပါဠိဘာသာ | ၅၃ |
| ရူပဗြဟ္မာဘုံနှင့် ပုဂ္ဂိုလ်များအကြောင်း | ၅၄ |
| ဥပုသ်သုံးမျိုးလင်္ကာ | ၅၅ |

| | |
|---|---|
| မတုန်မလှုပ်ယုံကြည်သူနှင့် မမေ့ရမည့်တရား | ၅၆ |
| တိရစ္ဆာနဝိဇ္ဇာအတတ်၊ အမျိုးသမီးပါသောမီးရထားအိပ်ခန်း | ၅၈ |
| စိတ်ကောင်းထားနိုင်ရေး | ၅၉ |
| သြကာသ ဘုရားရှိခိုး | ၆၀ |
| အနာဂါမ်ပုဂ္ဂိုလ် | ၆၁ |
| အပြစ်များပျောက်အောင် | ၆၃ |
| ဥပ္ပာတသန္တိကျမ်းလာ ရှင်သီဝလိဂါထာ | ၆၅ |
| ရဟန်းခံ သိမ်ဝင်မှုနှင့် ပါရာဇိကကျသူ | ၆၆ |
| စက်ကြီး ၁၃ ပါး၊ ၁၀၈ ကွက် စက်လက္ခဏာ | ၆၇ |
| မြန်မာနိုင်ငံ ပြက္ခဒိန် | ၆၈ |
| နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် | ၆၉ |
| သံဃာတော်နှင့် စူဠသောတပန် | ၇၁ |
| နှစ်ထပ်ကျောင်းဆောင်နှင့် ပိဋကတ်စာကြည့်တိုက် | ၇၂ |
| ညောင်ရေအိုးအစား ပန်းအိုးထား | ၇၂ |
| ငွေတိုးပေးစားခြင်း အပြစ် ရှိမရှိ | ၇၃ |
| ဘာသာရေး အခမ်းအနား | ၇၃ |
| ကာမေသုမိစ္ဆာစာရကံ ထိုက်မထိုက် | ၇၄ |
| နတ်ကိုးကွယ်တာ သရဏဂုံ ပျက်/မပျက် | ၇၆ |
| သံဃာ့ပစ္စည်း အဆိပ်သီး | ၇၇ |





| | |
|---|---|
| ဆန္ဒဝါသိနီ မယား | ၈၀ |
| လှူဒါန်းချိန် သင့်–မသင့် | ၈၂ |
| လှူဒါန်းရွတ်ဆိုပုံ မှန်/မမှန် | ၈၃ |
| ဦးဦးဖျားဖျား ဟင်းမြည်းခြင်း | ၈၄ |
| စိတ် | ၈၄ |
| သတ်သတ်လွတ်နှင့် သီလ | ၈၆ |
| အိမ်ဘုရားဆောင်တွင် ဆည်းလည်းဆွဲလို့ ရ၊ မရ | ၈၈ |
| ကျန်းမာသူနှင့် မကျန်းမာသူ | ၈၈ |
| အရိမေတ္တေယျ မြတ်စွာဘုရား | ၈၉ |
| ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း | ၉၃ |
| ရဟန်းသာမဏေများ | ၉၄ |
| အဖန်ငါးရာ၊ ငါးကမ္ဘာ | ၉၆ |
| ဇာတဒဂ်ရ ပုဂ္ဂိုလ်များ | ၉၇ |
| ဆီမီးထွန်းညှိပွဲ | ၉၉ |
| ရည်စူးလှူဒါန်းသည့်ကုသိုလ် | ၁၀၀ |
| ပြိတ္တာများ တရားထူးရနိုင် မရနိုင် | ၁၀၂ |
| အသုရကာယ်ဟူသည် | ၁၀၃ |
| အရိပ်ကိုနင်းခြင်းနှင့် ရှောင်ကွင်းခြင်း | ၁၀၆ |
| ပရိတ်ရွတ်ရာ၌ | ၁၀၇ |

ဂြိုဟ်တုစလောင်း တပ်ကောင်း/မကောင်း ၁၀၈
ကာမေသု မိစ္ဆာစာရကံ ထိုက်/မထိုက် ၁၁၁
ဘုရားလောင်းသည် အနာဂါမ်လား ၁၁၄
မိဘများနှင့် ခင်ပွန်းကြီး ၁၀ ပါး ပြစ်မှားမိသော် ၁၁၆
အလေးတင်းတောင်း မမှန်၊ ပစ္စည်းအရောအနှော
အတုအပများ ရောင်းမိသော် ၁၁၇
'လောက်လန်းသဖွယ် ဝိညာဏ်တွယ်'ဆိုသောစကား မှန်၊ မမှန် ၁၁၈
ကာမေသုမိစ္ဆာစာရကံ ထိုက်/မထိုက် ၁၂၀
သာသနာနှစ်–၅၀၀၀ ၁၂၂
ဆွမ်းခံသွားရင်း စာကျက် ၁၂၄
ဘုရားဘယ်လို ရှိခိုးရမလဲ ၁၂၅
ပစ္စေကဗုဒ္ဓါ ၁၂၇
ယမမင်းနှင့် ငရဲထိန်းများ ပြန်၍ အပြစ်ခံရ/မခံရ ၁၂၉
ဥပုသ်သီလ ယူမှရပါသလား ၁၃၁
ခန္ဓာငါးပါးနှင့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ကွာခြားချက် ၁၃၃
အလောင်းတော် ကဿပ ၁၃၅
သံဃာရည်စူးပြီးကို ဘုရားအတွက် သုံးသင့် မသုံးသင့် ၁၃၉
တံမြက်လှည်းခြင်း စသည့် အကျိုးတရား ၁၄၁
နောင်ပွင့်မည့်ဘုရား ကြိုတင်သိခြင်း ၁၄၃



ပါရာဇိကကျသော ရဟန်း ၁၄၃
ရဟန္တာအရှင်မြတ်တို့၏ ရုပ်အလောင်း ပုပ်၊ မပုပ် ၁၄၅
အရိယာရုပ်နှင့် ပုထုဇဉ်ရုပ် ထူး/မထူး ၁၄၇
ဝဋ်မှာအမြဲ ငရဲမှာ အပ ၁၄၉
ရောင်ခြည်တော်လွှတ်ခြင်း ၁၅၂
လူ့အသက်နှင့် ငရဲသက် တွက်စစ်၍ ရ၊ မရ ၁၅၃
မိဘနှစ်ပါးနှင့် ဘုရားလောင်း ၁၅၄
ရဟန်းခံပေးခြင်း ၁၅၅
သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် သုံးပါးထိုက်သောတရား ၁၅၇
သံဃဒါနဆွမ်း အလှူငွေကို အခြားဝေယျာဝစ္စ သုံးသင့်၊ မသင့် ၁၅၇
ဘုန်းကြီးက အမျိုးသမီးအား အမွေ ပေးကောင်း၊ မပေးကောင်း ၁၅၈
တရားစာပေအတွက် လှူသောအလှူငွေကို အခြားကိစ္စ
သုံးကောင်း၊ မသုံးကောင်း ၁၆၀
ပိဋကတ်သုံးပုံ၏ စာလုံးရေ ၁၆၁
ရုပ်ပွားတော်စေတီကို ဖျက်ဆီးမိလျှင် တရားထူး ရ၊ မရ ၁၆၂
ပျက်စီးနေသော ဘုရားပုံတော် ရုပ်တုတော်များ
မီးရှို့ ပူဇော်သင့်၊ မသင့် ၁၆၃
သီလရှင်နှင့် ကျင့်ဝတ်တရား ၁၆၄
ရုံးလုပ်ငန်းတစ်ဖက်နှင့် ဥပုသ်အပြည့် ရ၊ မရ ၁၆၅

| | |
|---|---|
| စကြမင်း၏ ရတနာ ခုနစ်ပါး အစွမ်းသတ္တိ | ၁၆၅ |
| ဘဝကူးပြဿနာ | ၁၆၉ |
| လက်ထပ်ပေါင်းသင်းခြင်းဆိုင်ရာ | ၁၇၀ |
| ဋီကာကျမ်းပြုစုသူနှင့် အရေးအတွက် | ၁၇၃ |
| မြောက်ကျောင်းနှင့် အရှေ့ကျောင်း | ၁၇၄ |
| ပြဋ္ဌာန်းစာအုပ်နှင့် ပိဋကတ်မြန်မာပြန် | ၁၇၆ |
| ရှင်ဥပဂုတ္တရဟန္တာ | ၁၇၇ |
| ဟိတ်နှင့် ဂတိ | ၁၈၀ |
| ရဟန်းတို့ ကြက်သွန်ဖြူ စားကောင်း/ မစားကောင်း | ၁၈၁ |
| ပဋိသမ္ဘိဒါဟူသည် | ၁၈၂ |
| ရှင်ရဟန်းများ လှူသောငွေဖြင့် ကျောင်းသိမ်စသည် ဆောက်လျှင် နိဿဂ္ဂိအပြစ် ထိုက်/ မထိုက် | ၁၈၄ |
| ကပ္ပိယကာရကနှင့် အလှူငွေ | ၁၈၆ |
| ဆဋ္ဌသင်္ဂါယနာတင်ခြင်း၏ ပဓာနလုပ်ငန်း | ၁၈၆ |
| ဥပစ္ဆေဒကကံ | ၁၈၈ |
| ပါရာဇိကကံ လေးမျိုး | ၁၉၀ |

## ''သီလရှင်ကို ရှိခိုးထိုက်၊ ရှိမခိုးထိုက်''

မေး။ ။ အရှင်ဘုရား.....

လူပုဂ္ဂိုလ်သည် မိမိထက်အသက်ငယ်သော သီလရှင်ကို ရှိခိုးထိုက်၊ ရှိမခိုးထိုက် သိလိုပါသည်ဘုရား။ ထို့ပြင် သီလရှင်ကလည်း မိမိထက် အသက်ကြီးသော လူပုဂ္ဂိုလ်ကို ရှိခိုးထိုက်၊ ရှိမခိုးထိုက် သိလိုပါသည်ဘုရား။

ဦးမောင်ဦး၊ တောင်ငူမြို့။

ဖြေ။ ။ လူပုဂ္ဂိုလ်များသည် မိမိထက် အသက်ငယ်သော သီလရှင်ကို ဦးချရှိခိုးနိုင်သည်။ သီလရှင်များသည် မိမိထက် အသက်ကြီးသောလူကို ရှိခိုးခြင်း မပြုရပါ။ အကြောင်းမှာ သီလရှင်များသည် သာသနာ့နွယ်ဝင် (ဘိက္ခုနီနွယ်ဝင်) ဘိက္ခုနီအသွင်ကို ဆောင်သော ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ သီလရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ အသက်ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ဘိက္ခုနီအသွင်ကို ဆောင်ထားခြင်းသည်ပင် သာသနာတည်ခြင်း၏ အဓိကအကြောင်းဖြစ်၍ ရှိခိုးဦးခိုက် ပူဇော်ထိုက်လှပါသည်။

မိလိန္ဒပဉ္စာ–ပါဠိ နှာ ၁၃၆ တွင် သာသနာကွယ်ခြင်းကို ဆိုရာ၌ (၁) မဂ်ဖိုလ်နိဗ္ဗာန်ကွယ်၍ အကျင့် ပဋိပတ်ကွယ်၏။ (၂) အကျင့်ပဋိပတ် ကွယ်၍ သိက္ခာပုဒ် ပညတ်ခြင်းလည်း ကွယ်၏။ (၃) သိက္ခာပုဒ်ပညတ်များ ကွယ်လျှင် အသွင်အပြင်သာ ကျန်တော့၏။ အသွင်အပြင်သည် သာသနာကို ထိန်းထားသေး၏။ အသွင်အပြင်ကို ကြည့်၍ သံဃာဟူသော အမှတ်၊



ဘိက္ခု၊ ဘိက္ခုနီဟူသော အမှတ်ဖြင့် လှူဒါန်းပူဇော်ကြလျှင် မရေမတွက်နိုင်သော သံဃိက ကောင်းကျိုးများကို ရနိုင်သေး၏။ အသွင်အပြင်ပါ ကွယ်ပျောက်သွားလျှင်ကား သာသနာ အစဉ်အဆက်လည်း ပြတ်တော့သည်။ ထို့ကြောင့် အသွင်အပြင်သည် သာသနာကွယ်ခြင်းကို ထိန်းထားသောအကြောင်းရင်းတစ်ရပ် ဖြစ်၏။ ပူဇော်ရှိခိုးထိုက်ပါ၏။

လူပုဂ္ဂိုလ်သည် အသက်ကြီးရုံတင်မက၊ အနာဂါမ်ကြီးဖြစ်စေကာမူ ယနေ့ ပြုသစ်စ သာမဏေလေးကို ရှိခိုးထိုက်၏။ အသွင်တော်၏ အရေးကြီးပုံ ဖြစ်၏။ မိလိန္ဒ–ပါ ၁၆၃၊ ၄။ သုတ္တ–ပါ–၃၁၁။

ယခုခေတ်ကဲ့သို့ ပီပြင်သော၊ ထင်ရှားသော အသွင်တော်များကို မဆိုထားဘိ၊ သာသနာကွယ်ခါနီးတွင် နားရွက်၊ လည်ပင်း၌ သင်္ကန်းအစ ကလေး ချည်ထားသော ပုဂ္ဂိုလ်ကိုပင် ရဟန်းသံဃာအမှတ် လှူဒါန်းလျှင် သံဃိက အကျိုးတရားများ ရနိုင်ပါသေး၏။ ထိုက်ထိုက်တန်တန် ရှိခိုး ပူဇော်ကြရန် ဖြစ်ပါသည်။

## ''တရားစီရင်မှု''

မေး။ ။ အရှင်ဘုရား.....

တပည့်တော်သည် တရားသူကြီးအလုပ်ကို ဝါသနာပါပါသည်။ တရားဥပဒေအရ တရားစီရင်ခြင်းကို ဘာသာရေးရှုထောင့်က ကြည့်လျှင် အပြစ် လွတ်မလွတ် သိချင်ပါသည်ဘုရား။

မီမီပြုံး၊ ရန်ကုန်။

ဖြေ။ ။ တရားသူကြီးအလုပ်သည် တရားမျှတအောင်လုပ်ဖို့ အလွန်အရေး ကြီးပါသည်။ ဆန္ဒာဂတိ=ချစ်ခင်ကျွမ်းဝင်ရင်းနှီး၍ မမှန်မကန် အဂတိ

သည်--------



လိုက်မိခြင်း၊ ဒေါသာဂတိ=မုန်း၍ မကျေနပ် မနှစ်သက်၍ မမှန် မကန် အဂတိလိုက်မိခြင်း၊ မောဟာဂတိ=အမှူသွား၊ အမှူလာ သေချာကျန မဆန်းစစ် မသိရှိဘဲ အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်ကာ မမှန် မကန် အဂတိ လိုက်မိတတ်ခြင်း၊ ဘယာဂတိ=စည်းစိမ်အား၊ ဓနအား၊ ရာထူးဌာနန္တရအား၊ အာဏာအား အမျိုးမျိုးတို့ကို အကြောင်းပြု၍ အမှားကို အမှန်၊ အမှန်ကို အမှားအဖြစ် အဂတိလိုက်မိခြင်း၊ ထိုသို့ ဆုံးဖြတ်ခဲ့လျှင် ကြီးလေးသော အပြစ်များ ဖြစ်နိုင်ပါသည်။

သို့သော် ပိဋကတ်စာပေများတွင် အဂတိ လေးပါး မလိုက်စားဘဲ၊ တရားသဖြင့် ဆုံးဖြတ်၍ သတ္တဝါအများကို ချမ်းသာအောင် စောင့်ရှောက်ခဲ့သော မင်း၊ အမတ်၊ ပုဏ္ဏား၊ ပရိဗိုဇ်တို့ အများအပြားပင် ရှိပါသည်။

မဟာဗောဓိ ပရိဗိုဇ်၊ မဟာဗန္ဓုလစစ်သူကြီးတို့မှာ အဂတိတရား မလိုက်စားဘဲ တရားဆုံးဖြတ်ကြသဖြင့် တိုင်းသူပြည်သားတို့ ဘေးကင်းကွာ ချမ်းသာ၍ ချစ်ခင်ကြည်ညိုလေးစားခံခဲ့ရသည်။

## "သရဏဂုံ ညှိုးနွမ်းမှု"

မေး။ ။ အရှင်ဘုရား......

သရဏဂုံတည်သော ဗုဒ္ဓဘာသာဝင်တို့သည် အကြောင်းအမျိုးမျိုးကြောင့် ကျေးဇူးရှိဖူးသော ကျေးဇူးရှင်များဖြစ်သော အခြားဘာသာခြားများကို ဂါရဝပြု၍ ရှိခိုးပါက ရှိခိုးသူ၊ ရှိခိုးခံသူတို့ အပြစ် ရှိမရှိ။ ရှိခိုးသော ဗုဒ္ဓဘာသာဝင်အဖို့ သရဏဂုံညစ်နွမ်းမှု ရှိမရှိ၊ ရှိခိုးသင့်၊ မသင့် သိလိုပါသည်ဘုရား။

မောင်သန်းဇော်ဦး (အုတ်ကျင်း)



ဖြေ။ ။ သရဏဂုံယူပြီး၊ ရပြီး၊ တည်ပြီးသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး၊ ဥပါသကာ၊ ဥပါသိကာမတို့သည် ကျေးဇူးရှင် ဖြစ်ဖူးသော ဘာသာခြားတို့အား ရှိခိုး (ဂါရဝပြု) သော်လည်း သရဏဂုံ ညှိုးနွမ်းမှု၊ ပျက်ယွင်းမှု မရှိပါ။

၎င်းကို သီလက္ခန္ဓဝဂ္ဂ၊ ဒီဃနိကာယ်၊ သာမညဖလသုတ်၊ အဋ္ဌကထာ စာမျက်နှာ ၂၀၇ တွင် ပါရှိသည်။ ဤတွင် "ဧဝံ ဂဟိတသရဏဿ စ ဥပါသကဿဝါ ဥပါသိကာယဝါ အညတိတ္ထိယေသု၊ ပဗ္ဗဇိတမ္ပိ ဉာတိံ 'ဉာတကော မေ အယန္တိ' ဝန္ဒတော သရဏဂမနံ နဘိဇ္ဇတိ၊ ပဂေဝ၊ အပဗ္ဗဇိတံ။ တထာ ရာဇာနံ ဘယဝသေန ဝန္ဒတော။ သောဟိ ရဋ္ဌပူဇိတတ္တာ အဝန္ဒိယမာနော အနတ္ထမ္ပိ ကရေယျာတိ။ တထာ ယံကိဉ္စိ သိပ္ပံ သိက္ခာပကံ တိတ္ထိ ယမ္ပိ 'အာစရိ ယော မေ အယန္တိ' ဝန္ဒတောပိ နဘိဇ္ဇတိ" ဟူ၍ ဖော်ပြထားသည်။

အကျဉ်းချုပ် မြန်မာပြန်ရလျှင် သရဏဂုံယူပြီးသော ဥပါသကာ၊ ဥပါသိကာမတို့သည် တိတ္ထိတို့ထံ၌ ရဟန်းပြုပြီးသော ဆွေမျိုးကို ဆွေမျိုး အမှတ်ဖြင့် ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။ တိတ္ထိ ရဟန်းမဟုတ်သော လူကို ရှိခိုးလျှင် ပို၍ မပျက်ပါ။ မင်းကို ကြောက်၍သော်လည်းကောင်း၊ ရှိမခိုးလျှင် အကျိုးမဲ့ပြုမည်ကို ကြောက်၍သော်လည်းကောင်း ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။ အတတ်သင်ပေးသော၊ ကျေးဇူးရှိသော တိတ္ထိ အယူမှား ရှိသူတို့ကိုလည်း ဆရာဟူသော အမှတ်၊ ကျေးဇူးရှင်ဟူသော အမှတ်ဖြင့် ရှိခိုးသော်လည်း သရဏဂုံ မပျက်ပါ။

## "စိတ်ကောင်းနှလုံးကောင်း"

မေး။ ။ အရှင်ဘုရား......

အချို့သောသူများသည် (၁) စိတ်ကောင်းနှလုံးကောင်းရှိလျှင် ဥပုသ်သီလဆောက်တည်ရန် မလိုပါဟု ပြောကြားပါသည်။ ဥပုသ်သီလ ဆောက်တည်သောသူသည် သီလမရှိ၍ ဆောက်တည်ခြင်းသာဖြစ်သည်ဟု ပြောဆိုကြပါသည်။ မှန်ပါသလားဘုရား။

(၂) စိတ်ကောင်း နှလုံးကောင်းရှိရုံနှင့် ဗုဒ္ဓဘာသာဝင်တစ်ဦး အနေဖြင့် ဘဝမှာ ပြီးပြည့်စုံပါသလား ဘုရား၊ ရှင်းလင်း ဖြေကြားပေးစေလို ပါသည်။

ခွာညို (စစ်ကိုင်းမြို့)

ဖြေ။ ။ မြတ်စွာဘုရား ဟောကြားတော်မူသော ဒါန၊ သီလ၊ ဘာဝနာ အစရှိသော ပုညကိရိယာ ကုသိုလ် ၁၀ မျိုး။ ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဟု ဆိုအပ်သော ပါရမီ ၁၀–ပါး။ ငါးပါး၊ ရှစ်ပါး၊ ၁၀–ပါးသီလ၊ ရဟန်းများအတွက် ၂၂၇ သွယ်၊ ဘိက္ခုနီ များအတွက် ၃၃၁–သီလသိက္ခာပုဒ်တော်များ၊ အကျဉ်းချုပ်အားဖြင့် ဒါန၊ သီလ၊ သမာဓိ၊ ပညာ ကျင့်ဖွယ်ရာ တရားများသည် ကျင့်ကြံကြိုးကုတ် အားထုတ်ရန် ဟောကြားထားသော တရားများ ဖြစ်ပါသည်။

တရားတော်များကို လေ့လာသင်ကြားနာယူခြင်းဖြင့် မယဉ်ကျေး သေးသူများကို ယဉ်ကျေးအောင်၊ အသိတရား၊ အလိမ္မာတရား စိတ်ကောင်း နှလုံးကောင်း မရှိသေးသူများကို ရှိလာအောင်၊ ထိုသို့ရှိလာသဖြင့် တရားဓမ္မ များကို ကျင့်ကြံချင်စိတ် ပေါ်လာပြီး ကျင့်ကြံကြိုးကုတ် အားထုတ်ကြသဖြင့် ပစ္စုပ္ပန် သံသရာဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်အောင် ဘုရားရှင်က ဟော



ကြားထားခြင်း ဖြစ်ပါသည်။ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါကုန်။

## "ပရလောက ဟူသည်"

မေး။ ။ အရှင်ဘုရား......

ပရလောက၏ အဓိပ္ပာယ်နှင့် ပရလောက၌ အကျုံးဝင်သော သတ္တဝါများကိုလည်း သိလိုပါသည်။ ဖြေကြားပေးတော်မူပါဘုရား။

ဆလိုင်းရွှေမောင် (ကန်ပက်လက်မြို့)

ဖြေ။ ။ ပရလောကနှင့် ပတ်သက်၍ 'ဣဓလောကဉ္စ=ဤပစ္စုပ္ပန်လောက ကို လည်းကောင်း၊ ပရလောကဉ္စ=တမလွန်လောကကိုလည်းကောင်း' ဟု ဘာသာပြန်သည်ကို တွေ့ရပါသည်။ အထက်ပါ ဘာသာပြန်အရ ပစ္စုပ္ပန် လက်ရှိဘဝသည် ဣဓလောကဟုခေါ်ပြီး၊ ယခု လက်ရှိဘဝမှ နောက်နောင် ဘဝများစွာကို ပရလောကခေါ် တမလွန်လောကဟု ဆိုပါသည်။

တစ်ဖန် ပရလောက၌ အကျုံးဝင်သော သတ္တဝါဟူသည်မှာ သတ္တဝါတိုင်း၌ မိမိခန္ဓာ၊ မိမိနာမ်ရုပ်သည် (ဣဓ လောက=မိမိလောက) ဖြစ်သည်။ ကြွင်းကျန်သော အပါယ်ဘုံသား၊ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အားလုံးတို့၏ နာမ်ရုပ်ခန္ဓာအားလုံးတို့သည် ပရလောက (တစ်ပါး တခြား သော လောက) ဖြစ်ပါသည်။

သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောကဟု လောက သုံးမျိုးရှိရာတွင် သတ္တလောကဟူသည် သတ္တဝါတစ်ဦးချင်းစီ၏ သတ္တ လောကတစ်ခု တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် သတ္တဝါတိုင်း မိမိမှကြွင်းသော သတ္တဝါမှန်သမျှ ပရလောကသား သတ္တဝါတို့သာ ဖြစ်ပါသည်။

ဘုံအနေဖြင့်ဆိုပါက သတ္တဝါတစ်ဦးသည် ယခုလက်ရှိ လူ့ဘုံ၌

ဖြစ်နေလျှင် လက်ရှိလူ့ဘုံသည် ဣဓလောကဘုံ ဖြစ်ပါသည်။ အခြားဘုံများသည် ပရလောကဘုံများ ဖြစ်ပါသည်။ နတ်၊ ဗြဟ္မာများလည်း လက်ရှိရောက်နေဆဲဖြစ်သော နတ်၊ ဗြဟ္မာဘုံသည် ဣဓလောကဘုံဖြစ်ပြီး အခြားဘုံများသည် ပရလောကဘုံများ ဖြစ်ပါသည်။

## ''ပါဠိဘာသာ''

မေး။ ။ အရှင်ဘုရား.....

ပါဠိဘာသာသည် စကားသာရှိပြီး စာအက္ခရာ အရေးအသား မရှိဟု ကြားဖူးပါသည်။ သက်ဆိုင်ရာ လူမျိုးတို့က ၎င်းတို့၏ စာပေ (အက္ခရာ) နှင့် မှတ်တမ်းတင်ထားကြပါသည်။ ပိဋကတ်သုံးပုံသည် စာပေအမျိုးမျိုးနှင့်ရှိပြီး မဂဓစာနှင့်တော့ မရှိပါ။ မရှင်းလင်းသောကြောင့် ရှင်းလင်း ဖြေကြားတော်မူပါ ဘုရား။

ဦးမောင်ဦး (တောင်ငူ)

ဖြေ။ ။ ပါဠိဘာသာမှာ အက္ခရာသီးသန့် မရှိ၊ ပါဠိဘာသာကို ကမ္ဘာပေါ်ရှိ မည်သည့်အက္ခရာဖြင့်ပင် ရေးရေး ဖြစ်နိုင်သည်။ ဥပမာ၊ ကရိုဏ်း ပီသနိုင်သည်။ မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံကို မြန်မာအက္ခရာဖြင့် ရေးသားမှတ်တမ်းတင်ထားပါသည်။ အိန္ဒိယတွင် ဟိန္ဒူအက္ခရာဖြင့် ရေးသားထားသည်။ ဟိန္ဒူအက္ခရာဖြင့် ရေးသားထားသော ပါဠိကျမ်းစာများကို အတွေ့ရများသဖြင့် ဟိန္ဒူအက္ခရာကိုပင် ပါဠိစာ၊ ပါဠိ အက္ခရာဟု ထင်နေကြပါသည်။ မည်သည့်အက္ခရာဖြင့် ရေးရေး အသံထွက်မှန်ကန်စွာ ရေး၍ ရရှိခြင်းသည်ပင် ပါဠိဘာသာ၏ ထူးခြားသော ဂုဏ်ရည်ဖြစ်ပါသည်။ သာမန်ဘာသာတစ်ခုကို ဆိုင်ရာ အမိဘာသာမှတစ်ပါး အခြားဘာသာ တစ်မျိုးမျိုး



ဖြင့် အသံထွက်မှန်အောင် မရေးနိုင်ပါ။ ပါဠိဘာသာတစ်မျိုးသာလျှင် မည်သည့်ဘာသာအက္ခရာဖြင့်ရေးရေး ရပါသည်။

## ''ရူပဗြဟ္မာဘုံနှင့်ပုဂ္ဂိုလ်များအကြောင်း''

မေး။ ။ အရှင်ဘုရား.....

ဗြဟ္မာဘုံနှစ်ဆယ်ရှိရာတွင် ရူပဗြဟ္မာဘုံများမှ ရဟန္တာဗြဟ္မာကြီးများနေသော ဗြဟ္မာဘုံ၊ အနာဂါမ်ဗြဟ္မာကြီးများနေသော သုဒ္ဓါဝါသ ဗြဟ္မာဘုံငါးဘုံနှင့် သကဒါဂါမ်၊ သောတာပန် ဗြဟ္မာများနေသော ဗြဟ္မာဘုံများကို ဖော်ပြပေးတော်မူပါ ဘုရား။

ကိုဟန်ဝင်း (အင်းစိန်မြို့သစ်)

ဖြေ။ ။ ဗြဟ္မာဘုံနှစ်ဆယ်ရှိရာတွင် အရူပ လေးဘုံကို နုတ်၍ ရူပဗြဟ္မာဘုံ ၁၆-ဘုံ၌ အထက်ဆုံးဘုံဖြစ်သော ရူပစတုတ္ထဈာန်ငါးဘုံ(အဝိဟာ၊ အတပ္ပာ၊ သုဒဿာ၊ သုဒဿီနှင့် အကနိဋ္ဌ ဟူသော ငါးဘုံ) ၌ အနာဂါမိဖလဋ္ဌာန် (အနာဂါမ်) ပုဂ္ဂိုလ်နှင့် အရဟတ္တမဂ်ပုဂ္ဂိုလ်၊ အရဟတ္တဖိုလ် ပုဂ္ဂိုလ်ပေါင်း သုံးပါးသာ ရှိသည်။ ရူပစတုတ္ထဈာန်ဘုံဖြစ်သော ဝေဟပ္ဖိုလ်ဘုံ၌ အရိယာ ရှစ်ယောက်နှင့် တိဟိတ်ပုထုဇဉ်တစ်ယောက်ပေါင်း ကိုးယောက် ရှိနိုင်သည်။ ၎င်းဝေဟပ္ဖိုလ်ဘုံနှင့် တစ်ပြင်တည်းရှိသော စတုတ္ထဈာန်တစ်ဘုံဖြစ်သည့် အသညသတ်ဘုံ၌ သုဂတိအဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တစ်ယောက်တည်းသာ ရှိသည်။ ကျန်သော တတိယဈာန်သုံးဘုံ (ပရိတ္တ သုဘာ၊ အပ္ပမာဏသုဘာ၊ သုဘကိဏှာဘုံ) များတွင်လည်းကောင်း၊ ဒုတိယဈာန်သုံးဘုံ (ပရိတ္တာဘာ၊ အပ္ပမာဏာဘာနှင့် အာဘဿရာဘုံ) များတွင်လည်းကောင်း၊ ပထမဈာန် သုံးဘုံ (ဗြဟ္မပါရိသဇ္ဇာ၊ ဗြဟ္မပုရောဟိတာနှင့် မဟာဗြဟ္မာဘုံ) များတွင်

လည်းကောင်း အရိယာရှစ်ယောက်နှင့် တိဟိတ်ပုထုဇဉ်တစ်ယောက်၊ ပေါင်း ကိုးယောက် ရှိကြပါသည်။ ၎င်းကို အကျဉ်းမှတ်ရန်ဆောင်ပုဒ်မှာ '(၁) ငါးဝသုဒ္ဓါ၊ အနာဂါ၊ ရဟာမင်နှင့်ဖိုလ်၊ (၂) အသညသတ်၊ အဟိတ်မှတ်၊ သုဇာတ်ပုထုဆို၊ (၃) ကျန်ဘုံအများ၊ ရှိ–ရှစ်ပါး၊ တစ်ပါး တိဟိတ်ဆို၊ (၄) ကိုးယောက်စီရ၊ ဘုံဆယ်ဝ၊ မှတ်ကြရပုဂ္ဂိုလ်' ဟူ၍ ဖြစ်ပါသည်။

## ''ဥပုသ်သုံးမျိုးလက်ာ''

မေး။ ။ အရှင်ဘုရား......

ဗြဟ္မ–ဓမ္မ၊ သံဃ–သီလာ၊ ဒေဝတာဟု၊ ငါးဖြာသီလ၊ အရိယာတည့်။ နှစ်ဝဥပုသ်၊ ဂေါနိယုတ်ကား၊ မဟုတ်အကျိုး၊ မဖွံ့ဖြိုးသည်၊ သုံးမျိုးငါးဝ၊ အရိယကို နိစ္စအမြဲ၊ ကျင့်သုံးစွဲ။

ဤလင်္ကာမှာ တပည့်တော်၏ ဆရာရင်းဖြစ်သော ဆရာတော်ကြီး တစ်ပါးက ကျက်ရန်ရေးပေးသော လင်္ကာဖြစ်ပါသည်။ အဓိပ္ပာယ်ပါ ရှင်းပြခဲ့ပါသည်။ ယခု တပည့်တော် မရှင်းတတ်တော့ပါ။ ဆရာတော်ကြီးလည်း ပျံတော်မူ၍ မေးရန်မရှိတော့ပါ။ ထိုလင်္ကာကို တပည့်တော် နားလည်အောင် ရှင်းပြ ဖြေကြားတော်မူပါဘုရား။

ဦးအောင်ဖြိုး (ဖောင်းပြင်မြို့)

ဖြေ။ ။ ဥပုသ် သုံးပါးဆိုသည်မှာ အရိယဥပုသ်၊ ဂေါပါလဥပုသ်၊ နိဂဏ္ဌဥပုသ်ဟူ၍ သုံးပါးဖြစ်သည်။ ၎င်းကို လင်္ကာတွင် 'အရိယာတည့်၊ နှစ်ဝဥပုသ်၊ ဂေါ–နိယုတ်' ဟုဆိုထားသည်။ အရိယဥပုသ်မှာ ဗြဟ္မဥပုသ် ဖြစ်သည်။ သီလခံယူပြီး ဘုရားဂုဏ် ဗုဒ္ဓါနုဿတိဖြင့်နေခြင်းဖြစ်သည်။ ဓမ္မ၊ သံဃာ၊ သီလာ၊ ဒေဝတာတို့မှာ ဓမ္မာနုဿတိဖြင့် နေခြင်း၊ သံဃာ နုဿတိ



ဖြင့် နေခြင်း၊ သီလာနုဿတိဖြင့်နေခြင်း၊ ဒေဝတာ နုဿတိဖြင့် နေခြင်းတို့ ဖြစ်သည်။ ဂေါပါလဥပုသ်၊ နိဂဏ္ဌဥပုသ်တို့ကား အကျိုးမရှိသော ဥပုသ်တို့ ဖြစ်သည်။ ဗြဟ္မ၊ ဓမ္မ၊ သံဃ၊ သီလ၊ ဒေဝတာဟု ငါးမျိုးပြားသော အရိယ ဥပုသ်တို့သာ အကျိုးများသော ဥပုသ်တို့ဖြစ်၍ နိစ္စအမြဲ ကျင့်သုံးစွဲကြပါဟု ဆိုလိုပါသည်။ လင်္ကာမှာ မုန်တိုင်ပင်ဆရာတော်၏ သုံးပုံတံချူကျမ်းလာ လင်္ကာဖြစ်ပါသည်။

## ''မတုန်မလှုပ် ယုံကြည်သူနှင့် မမေ့ရမည့်တရား''

မေး။ ။ အရှင်ဘုရား......

မြတ်စွာဘုရားဟောကြားတော်မူသော အင်္ဂုတ္တိုရ် ပါဠိတော်၌ 'ယေကေစိ ဘိက္ခဝေ မယိ အဝစ္စပသန္နာ၊ သဗ္ဗေတေ သောတာပန္နာ' ဟု ဆိုထားသဖြင့် ငါဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သော ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် သောတာပန် ပုဂ္ဂိုလ်များဖြစ်သည်ဟု မှတ်ယူရပါမည်လား ဘုရား။ နောက်တစ်ခုမှာ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ မမေ့မလျော့ နေရမည်ဟုဆိုရာ အဘယ်တရားများကို မမေ့မလျော့နေရမည်ကို မေတ္တာ ရှေ့ထား၍ ဖြေကြားပေးတော်မူပါ ဘုရား။

ရှင်ဥတ္တမ (မြင်းခြံမြို့)

ဖြေ။ ။ မေးခွန်း (၁) ၌ ပါဝင်သော 'ငါဘုရား၌ မတုန်မလှုပ် သက်ဝင် ယုံကြည်သောသူမှာ' ရိုးရိုးပုထုဇဉ်ပုဂ္ဂိုလ်များကို ဆိုလိုခြင်းမဟုတ်ပါ။ 'အရိယာမင်ဖြင့် သိ၍ မလှုပ်မယိုင် မြဲခိုင်စွာ ကြည်ညိုသူများ' ကို ဆိုလိုခြင်း ဖြစ်ပါသည်။ သောတာပန်ဆိုရာမှာလည်း သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်တစ်ပါး တည်းသာ ယူရသည်မဟုတ်ဘဲ အရိယာမင်သို့ ရောက်ပြီးသော သောတာ

ပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလေးမျိုးလုံးကို ယူရပါမည်။

(အင်္ဂုတ္တိုရ်–ဒသကနိပါတ်၊ ယမကဝဂ်၊ အဝေစ္စပသန္နသုတ်)

မေးခွန်း (၂) မမေ့ရမည့် အရာများမှာ–

(က) ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ သေရခြင်း ဆင်းရဲတို့ကို မမေ့ရခြင်းလည်း တစ်မျိုး။

(ခ) ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒန၊ ဓမ္မဿဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မဟူသော ပုညကိရိယာဝတ္ထု ၁၀–ပါး၌ မမေ့ရခြင်းလည်း တစ်မျိုး။

(ဂ) ပိဋကတ်သုံးပုံလုံး၌ ဟောကြားထားသော တရားအားလုံး၌ မမေ့ရခြင်းလည်း တစ်မျိုး၊ အမျိုးမျိုး လာရှိပါသည်။ တစ်မျိုးမျိုး ဆင်ခြင်နိုင်လျှင် အကျိုးများလှပါသည်။

ဓမ္မပဒ–ဌ–ပ–အပ္ပမာဒဝဂ်

## ''တိရစ္ဆာနဝိဇ္ဇာအတတ်''
## ''အမျိုးသမီးပါသော မီးရထားအိပ်ခန်း''

မေး။ ။ အရှင်ဘုရား......

၁။ တိရစ္ဆာန ဝိဇ္ဇာအတတ်ဟူသည် မည်သို့သော အတတ်မျိုး ဖြစ်ပါသနည်း ဘုရား။

၂။ ရဟန်းတစ်ပါးသည် လူအမျိုးသမီးပါသော မီးရထားအိပ်ခန်းတွင် စီးနင်းလိုက်ပါသော် ဝိနည်းသိက္ခာပုဒ်အရ အပြစ်သင့်၊ မသင့် သိလိုပါသည်ဘုရား။ မေတ္တာရှေ့ထား၍ ဖြေကြားပေးတော်မူပါ ဘုရား။

အရှင်အာစိဏ္ဏ (ပဲခူးမြို့)



ဖြေ။ ။ (၁) တိရစ္ဆာန ဝိဇ္ဇာအတတ်ဟူသည် အလုံးစုံသော သာသနာတော်၏ အပဖြစ်သော၊ အကျိုးစီးပွားနှင့် မစပ်ယှဉ်သော ဆင်အတတ်၊ မြင်းအတတ်၊ ရထားအတတ်၊ လေးအတတ်၊ ဓားသန်လျက်အတတ်၊ အာထဗ္ဗဏ ခေါ် ဝေဒပုဂ္ဂိုလ်တို့ စီရင်ထားသော သူတစ်ပါးတို့ကို ပျက်စီးရာပျက်စီးကြောင်း ရွတ်ဖတ်သည့် မန္တန်အတတ်၊ မြေခြောင့်တံကျင်အတတ်၊ သူတစ်ပါးကို မိမိအလိုသို့ လိုက်စေခြင်း၊ ခြောက်ကပ်ပျက်စီးစေတတ်သော အတတ်အမျိုးမျိုး၊ အဆိပ်နှင့် ရောစပ်၍ နှိပ်စက်ခြင်းစသော သူတစ်ပါးတို့အား ညှဉ်းဆဲနှိပ်စက်ဖျက်ဆီးခြင်းကို ပြုတတ်သော အတတ်အမျိုးမျိုးတို့ ဖြစ်ပါသည်။ (အခြားလည်း များစွာရှိသေး၏။)

(၂) ရဟန်းတစ်ပါးသည် လူအမျိုးသမီးပါသော မီးရထားတွင် အိပ်ခန်းတစ်ခန်းတည်း၌ အိပ်၍ လိုက်ပါလာပါက ဒုတိယသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါသည်။ ရဟန်းကသော်လည်းကောင်း၊ အမျိုးသမီးကသော်လည်းကောင်း တစ်ဦးဦးက မအိပ်ဘဲ ထိုင်နေသော်လည်းကောင်း၊ နှစ်ဦးစလုံး မအိပ်ဘဲ ထိုင်နေသော်လည်းကောင်း အာပတ်မသင့်နိုင်ပါ။

အမျိုးသမီး မပါဘဲ လူသာမဏေများနှင့်ကား သုံးညတိုင်တိုင် တစ်မိုး၊ တစ်ရံ၊ တစ်ခန်းတည်း အတူအိပ်ကောင်းပါသည်။ သုံးညထက်လွန်ပါက အထက်ပါအတိုင်း ပထမသဟသေယျသိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ပါမည်။

## ''စိတ်ကောင်းထားနိုင်ရေး''

မေး။ ။ အရှင်ဘုရား......

လျှင် ဆန္ဒဝါသိနီမယားအဖြစ် ရောက်ရှိနေပြီဟု သတ်မှတ်ရပါမည်။

၃။ နောက် ဇာကန်မုချ ဇနီး၊ ခင်ပွန်းအဖြစ်သို့ ရောက်လာဖို့ရန် မသေချာသေးသော၊ မဆုံးဖြတ်ရသေးသော သမီးရည်းစားများအနေဖြင့် မေထုန်အမှု ကျူးလွန်နေကြသော်လည်း ဆန္ဒဝါသိနီမယားအဖြစ်သို့ မရောက်နိုင်သေးပါ။

ဤသုံးမျိုးတွင် နံပါတ် (၁) အမျိုးအစားမှာ ဆန္ဒဝါသိနီမယား အဖြစ် ဇာကန်စင်စစ် ရောက်နေပြီးဖြစ်၍ လင်ရှိမယားကို အခြားတစ်ပါးသော ယောကျ်ားတို့က မေထုန်အမှုကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။ ၎င်း၏ ခင်ပွန်းအမျိုးသားမှာကား မိဘသဘောမတူသော်လည်း ဆန္ဒတူဇနီး၊ ခင်ပွန်းအဖြစ်သို့ ရောက်ပြီး၍ ကာမေသုမိစ္ဆာစာရကံ မထိုက်ပါ။

နံပါတ် (၂) အမျိုးအစားမှာ ဇာကန်မုချ ဇနီးခင်ပွန်းအဖြစ်သို့ ရောက်လတ္တံ့လည်းဖြစ်၊ မေထုန်အမှုလည်း ကျူးလွန်နေကြပြီဖြစ်သောကြောင့် ဆန္ဒဝါသိနီမယားအဖြစ် သတ်မှတ်နိုင်၍ အခြားယောကျ်ားတို့က မေထုန်အမှု ကျူးလွန်လျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။ ၎င်း၏ သမီးရည်းစား အမျိုးသားမှာကား ဇာကန်မုချဇနီးမယားအဖြစ် ပေါင်းသင်း နေထိုင်မည့် ခင်ပွန်းလောင်းစင်စစ် ဖြစ်နေသောကြောင့် ကာမေသုမိစ္ဆာစာရကံ မထိုက်ပါ။

နံပါတ် (၃) အမျိုးအစားကို မေထုန်အမှုကျူးလွန်ပါက ၎င်း၏ သမီးရည်းစားဆိုသူ အမျိုးသားလည်း ဇာကန်မုချဇနီး၊ ခင်ပွန်းအဖြစ် ပေါင်းသင်း နေထိုင်ကြမည်ဟု မဆုံးဖြတ်ရသေး၊ မသေချာသေးသောကြောင့်လည်းကောင်း၊ ခင်ပွန်းလောင်းစင်စစ် ဇာကန်မဖြစ်သေးသောကြောင့်လည်းကောင်း ကာမေသုမိစ္ဆာစာရကံ ထိုက်ပါမည်။ အခြားတစ်ပါးသော ယောကျ်ားတို့က မေထုန်အမှုကျူးလွန်လျှင်လည်း (မိဘ စသည်တို့ အစောင့်



အရှောက်ရှိနေ၍) အစောင့်အရှောက်ရှိနေသော အမျိုးသမီးကို ကျူးလွန်ခြင်းကြောင့် ကာမေသုမိစ္ဆာစာရကံ ထိုက်မည်သာ ဖြစ်ပါသည်။

## "လှူဒါန်းချိန်သင့် –မသင့်"

မေး။ ။ အရှင်ဘုရား.....

တပည့်တော် နေ့စဉ်နံနက် ၄း၃၀ အချိန်တွင် မြတ်စွာဘုရားရှင်ကို (၁) ဆီမီး၊ (၂) မျက်နှာသစ်တော်ရေနှင့် မျက်နှာသုတ်ပဝါ၊ (၃) သောက်တော်ရေ၊ (၄) မုန့်ဆွမ်းဆက်ကပ် လှူဒါန်းပါသည်။ ထိုသို့ ပြုခြင်းသည် သင့်–မသင့်၊ ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ကျိန်းစက်ရာမှ ထ–မထ ဖြေကြားပေးတော်မူပါ ဘုရား။

ကိုကျော်ဝင်း (စမ်းချောင်း)

ဖြေ။ ။ ဘုရားရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က ဗုဒ္ဓကိစ္စငါးပါးတွင် နောက်ဆုံးကိစ္စဖြစ်သော ပစ္ဆိမယာမ် (နံနက် ၂ နာရီမှ ၆ နာရီအထိ)ကို သုံးပုံ ပုံ၍ ပထမအချိန် နံနက် ၂ နာရီမှ ၃ နာရီ မိနစ် ၂၀ ထိ အချိန်ကို တစ်နေ့တစ်ညတာ ခန္ဓာကိုယ်၏ ညောင်းညာမှုတို့ကို ပယ်ဖျောက်ရန် စင်္ကြံ လျှောက်တော်မူပါသည်။ ဒုတိယအချိန် (၃ နာရီ ၂၀ မိနစ်မှ ၄ နာရီ ၄၀ မိနစ်ထိ) ခန္ဓာကိုယ် ပင်ပန်းမှု ပြေပျောက်စေရန် ကျိန်းစက်တော်မူပါ သည်။ တတိယအချိန် (၄ နာရီ ၄၀ မိနစ်မှ ၆ နာရီအထိ)ကျွတ်ထိုက်သော သတ္တဝါ ဝေနေယျများကို ကြည့်ရှုတော်မူပါသည်။ ထို့ကြောင့် ၄နာရီ ၄၀ မိနစ် အချိန်လောက်မှ ဘုရားရှင် ကျိန်းစက်ရာမှ ထတော်မူပါသည်။

ဆီမီး၊ မျက်နှာသစ်တော်ရေနှင့် မျက်နှာသုတ်ပဝါ၊ သောက်တော် ရေတို့ကို ကျိန်းစက်ရာမှ ထချိန် အချိန်ကိုက် လှူဒါန်းလိုလျှင် ၄ နာရီ ၄၀

မိနစ်တွင် လှူဒါန်းနိုင်ပါသည်။ မုန့်ဆွမ်းတို့ကိုတော့ ကျိန်းစက်ရာမှ ထချိန်ကို အဓိကမထားဘဲ အရုဏ်တက်ချိန်ဇယားအတိုင်း လှူဒါန်းခြင်းက ပို၍ သဘာဝကျပါသည်။

## "ပဋ္ဌာန်းရွတ်ဆိုပုံ မှန်/မမှန်"

မေး။ ။ အရှင်ဘုရား......

တပည့်တော် နေ့စဉ်အိမ်မှထွက်တိုင်း လမ်းသွားရင်း နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ပဋ္ဌာန်း ၂၄ ပစ္စည်း၊ သမ္ဗုဒ္ဓေ ဂါထာတော်တို့ကို အခေါက်ရေ ၉၀ စီ ရွတ်ဆိုပူဇော်ပါသည်။ ပဋ္ဌာန်း ၂၄ ပစ္စည်းကို ၉ ခေါက်ထက် ပိုမရွတ်သင့်ဟု ပြောကြရာ မှန်၊ မမှန် ဖြေကြား ပေးတော်မူပါ ဘုရား။

ကိုကျော်ဝင်း (စမ်းချောင်း)

ဖြေ။ ။ ဂုဏ်တော်များ၊ ပရိတ်၊ ပဋ္ဌာန်းတရားတော်များသည် များများ ပူဇော်နိုင်လေ ပို၍ အာနိသင်ထက်လေ ဖြစ်ပါသည်။

## "ဦးဦးဖျားဖျား ဟင်းမြည်းခြင်း"

မေး။ ။ အရှင်ဘုရား......

ဘုရားနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းရန် ချက် ပြုတ်ကြရာ၌ ဇွန်းများဖြင့် ခပ်ပြီး စားဦးစားဖျားကို မြည်းကြည့်ခြင်းသည် အပြစ် ရှိ၊ မရှိ ဖြေကြားပေးတော်မူပါဘုရား။

ကိုကျော်ဝင်း (စမ်းချောင်း)



ဖြေ။ ။ ချက်ပြုတ်စဉ် အရသာကောင်း၊ မကောင်း၊ အပေါ့အငန် သိရုံ မြည်းခြင်းမှာ အပြစ်မရှိပါ။ ချက်ပြုတ်ပြီးမှ စားချင်စိတ်ဖြင့် မြည်းဟန်ဆောင်ပြီး စားခြင်းမှာ မသင့်ပါ။

## "စိတ်"

မေး။ ။ အရှင်ဘုရား......

စိတ်ကြောင့် လူ၊ နတ်၊ ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ အမျိုးမျိုး ဖြစ်ရသည်ဆိုသည်မှာ မှန်ပါသလား။ ဗုဒ္ဓဘာသာတွင် စိတ်ကို မည်ကဲ့သို့ ထိန်းသိမ်းရမည်ကို ဖြေကြားပေးတော်မူပါဘုရား။

ညီညီစိုး (ညောင်လေးပင်)

ဖြေ။ ။ သက်ရှိသက်မဲ့လောကကြီးတစ်ခုလုံးကို စိတ်က ဦးဆောင်ပါ သည်။ စိတ်ကြောင့်ပင် ကမ္ဘာလောကကြီး ဖြစ်ရပျက်ရသည်။ သတ္တဝါတို့ သန္တာန်၌ လောဘ၊ ဒေါသ၊ မောဟ၊ အကုသိုလ်တရားတို့ များလာသော ကြောင့် ကမ္ဘာကြီး ပျက်စီးရသည်။ သတ္တဝါတို့သန္တာန်၌ ကမ္ဘာလောကကြီး အသစ် ပြန်ဖြစ်စေလိုသော စိတ်ကြောင့်ပင် ကမ္ဘာသစ်ကြီး ပြန်ဖြစ်လာရ၏။

မိမိ၏စိတ်က ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံတို့ကို ကြိုက်နှစ်သက်သော စိတ်ကြောင့်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်ရ၏။ လူ၊ နတ်၊ ဗြဟ္မာ အဖြစ်ကို ကြိုက်နှစ်သက်သောစိတ်ကြောင့်ပင် လူ၊ နတ်၊ ဗြဟ္မာအမျိုးမျိုးတို့ ဖြစ်ရ၏။

ဤစကားရပ်၌ စောဒကတက်ဖွယ်ရှိပြန်သည်မှာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်ချင်သော စိတ်ကား လူတိုင်းတွင် မရှိသော်လည်း အဘယ်ကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဖြစ်ရပါသနည်းဆိုသော် 'ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာကို ဖြစ်စေတတ်သော အကုသိုလ်ကံတို့ကို ပြုချင်စိတ်ရှိကြသောကြောင့်ပင် ငရဲ၊

တိရစ္ဆာန်၊ ပြိတ္တာဘုံသို့ ရောက်စေတတ်သော အကုသိုလ်ကံတို့ကို ပြုဖြစ်ကြ၏'။ ထိုသို့ ပြုဖြစ်ခြင်းသည်ပင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံကို ကြိုက်နှစ်သက်သော စိတ်ဆန္ဒကြောင့် ဖြစ်ပါသည်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဘုံကို မကြိုက် မနှစ်သက်သောသူသည် ငရဲစသောဘုံသို့ ရောက်စေတတ် သော အကုသိုလ်ကံတို့ကို ပြုချင်စိတ်ရှိမည် မဟုတ်ပါ။

လောကကြီးတွင် စိတ် အမျိုးမျိုး ဆန်းကြယ်၍ လိုချင်မှု တဏှာ အမျိုးမျိုး ဆန်းကြယ်လာ၏။ လိုချင်မှု တဏှာအမျိုးမျိုး ဆန်းကြယ်၍ ကုသိုလ် အကုသိုလ် ကံ အမျိုးမျိုးဆန်းကြယ်လာ၏။ ထို ကံ အမျိုးမျိုး ဆန်းကြယ်၍ လူနတ်ဗြဟ္မာ၊ ငရဲ၊ တိရစ္ဆာန် ပြိတ္တာ သတ္တဝါ အမျိုးမျိုး၊ သက်ရှိသက်မဲ့ လောကကြီး အမျိုးမျိုး အဆန်းတကြယ်ဖြစ်လာရ၏။ တစ်လောကလုံး ဆန်းကြယ်သမျှ စိတ်က ပြုလုပ်ခြင်းဖြစ်ပါ၏။

ထို့ကြောင့် ဘုရားရှင်က 'စိတ္တံ ဒန္တံ သုခါ ဝဟံ= စိတ်ကို ကောင်းကောင်း ထိန်းသိမ်း၍ (ဆုံးမ၍) အသုံးချသွားနိုင်လျှင် ချမ်းသာမှာ မလွဲဧကန်ဖြစ်ပါ၏။ စိတ်ကိုထိန်းသိမ်းရန် နည်းများမှာ သီလအကျင့် အမျိုးမျိုး၊ မေတ္တာ ဘာဝနာ စသော သမထဘာဝနာ အမျိုးမျိုး၊ ဝိပဿနာ ဘာဝနာ အမျိုးမျိုးတို့ကို ပွားများ ကျင့်ကြံသောအားဖြင့် ထိန်းသိမ်းရပါမည်။

## ''သက်သတ်လွတ်နှင့် သီလ''

မေး။ ။ အရှင်ဘုရား......

သက်သတ်လွတ်စားခြင်းထက် ဥပုသ်သီလဆောက်တည်ခြင်းက ပို၍အကျိုးရှိသည်ဟု တပည့်တော်မ ယူဆပါသည်။ မှန်၊ မမှန် ဖြေကြားပေးတော်မူပါ အရှင်ဘုရား။

ခွာညို (စစ်ကိုင်းမြို့)

ဖြေ။ ။ မှန်ပါသည်။ သက်သတ်လွတ်စားခြင်းနှင့် ပတ်သက်၍ ဘုရားရှင်လက်ထက်တော် ထင်ရှားရှိစဉ်ကပင် ဒေဝဒတ်က 'သံဃာတော်များကို ရာသက်ပန် သက်သတ်လွတ် ဘုဉ်းပေးသုံးဆောင်ဖို့ ပညတ်ပေးရန်' တောင်းဆိုခဲ့ဖူးပါသည်။ မြတ်စွာဘုရားရှင်က လက်မခံခဲ့ပါ။

မိမိအတွက် သီးသန့်ရည်ရွယ်၍ သတ်သည်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း။ မိမိယုံမှားသံသယဝင်မိလောက်အောင် အခြေအနေမျိုးရှိနေလျှင်သော်လည်းကောင်း ထိုသားငါးဟင်းကို မစားကောင်းပါ။

မြင်ခြင်း၊ ကြားခြင်း၊ ယုံမှားသံသယဖြစ်ခြင်း၊ အလျဉ်းမရှိပါက ထိုသားငါးဟင်းကို စားကောင်းပါသည်။

သို့သော် သက်သတ်လွတ်စားခြင်း၏ အကျိုးတရားများလည်း ရှိပါသည်။ ဆရာတော် အချို့ ကျန်းမာရေးအတွက်၊ သွားနာသက်သာရန် အတွက် အသီးအနှံများ စားကြပါသည်။ အသက်ရလာသည်နှင့်အမျှ အဆီဓာတ်များပြားလာရာ အသီးအနှံများသာ စားခြင်းဖြင့် အဆီဓာတ်ကို လျော့ချနိုင်ပြီး သွေးတိုး၊ နှလုံး၊ လေငန်းစသော ရောဂါအမျိုးမျိုးကို ကင်းဝေးစေနိုင်ပါသည်။ လယ်တီဆရာတော်ဘုရားကြီးက နွားသားကို ကျေးဇူးရှင်ဖြစ်၍ မိဘ၏အသားကို စားသည်နှင့်တူသောကြောင့် မစားသင့်ကြောင်း နွားမေတ္တာစာရေးသားတော်မူခဲ့၏။ မင်းကွန်းတိပိဋကဆရာတော်ဘုရားကြီးကလည်း ကိုယ်တိုင်ပင် အသီးအနှံများသာစားပြီး နွားသားကို ကျေးဇူးရှင်ဖြစ်၍ မစားရန်နှင့် ဝက်သားကို လေငန်းရောဂါ၊ သွေးကြောပိတ်ရောဂါ အမျိုးမျိုးဖြစ်စေတတ်၍ မစားရန် တပည့်များကို မိန့်ကြားတော်မူသည်။

ထို့ထက် သတ္တဝါအားလုံး၏ အသားကို မစားဘဲ ရှောင်ကြဉ်နိုင်ခြင်းသည် ကောင်းပါသည်။ မစားဘဲ ရှောင်ကြဉ်နိုင်သူများလျှင် သတ္တဝါအများစု အသက်သေရမှု နည်းပါးသွားသဖြင့် သတ္တဝါတို့အပေါ် ကရုဏာထားရာ ရောက်ပါသည်။

သက်သတ်လွတ်စားခြင်း၊ မစားခြင်းကို အငြင်းအခုံပြုစရာ မဟုတ်ပါ။ အပြစ်လွတ်သောနည်းဖြင့် သားငါးဟင်းကို စားနိုင်ပါသည်။ မေတ္တာဓာတ်၊ ကျန်းမာရေး အသိစိတ်ဓာတ်ဖြင့် သက်သတ်လွတ်စားခြင်းသည်လည်း ကောင်းပါသည်။

ဥပုသ်စောင့်ခြင်းကား သီလအကျိုးတရားဖြစ်ပါသည်။ ပို၍ အကျိုးကြီးသည်မှာ မှန်ပါသည်။

## "အိမ်ဘုရားဆောင်တွင် ဆည်းလည်းဆွဲလို့ ရ၊ မရ"

မေး။ ။ အရှင်ဘုရား.....

အိမ်ဘုရားဆောင်တွင် ဆည်းလည်း လှူဒါန်းလိုပါ၍ လှူဒါန်းလို့ ရ၊ မရ သိချင်ပါသည် ဘုရား။

မရွှေစင်မိုးဦး (သန်လျင်)

ဖြေ။ ။ ဆည်းလည်းကို ဘယ်နေရာမှာ လှူဒါန်းရမည်၊ ဘယ်နေရာမှာ မလှူဒါန်းကောင်း စသည်ဖြင့် သတ်မှတ်ချက်မရှိပါ။ လှူလိုသော နေရာတွင် လှူဒါန်းကောင်းပါသည်။



## "ကျန်းမာသူနှင့် မကျန်းမာသူ"

မေး။ ။ အရှင်ဘုရား.....

လောကဥ္စ အချို့သူများ ဒေါင်ဒေါင်မြည် ကျန်းမာကြပါသည်။ အချို့မှာ တရှောင်ရှောင်နှင့် လူမမာ ဖြစ်နေရပါသည်။ အဘယ်ကြောင့် ကွဲပြားခြားနားနေရပါသနည်း။ ဖြေကြားပေးတော်မူပါဘုရား။

မရှင်မင်း၊ မရှင်နှင်း၊ မဂြူးဂြူး (ကန္တာရဝတီ)

ဖြေ။ ။ ဘဝအဆက်ဆက် သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခြင်း မပြုဘဲ ရှောင်ရှားခဲ့သူ၊ အသက်ရှည်ကြောင်း ဆွမ်း၊ ဆေး၊ ကျောင်း ကောင်းမှုအမျိုးမျိုး ပြုခဲ့သူများ အသက်ရှည်ကျန်းမာကြပြီး၊ ပါဏာတိပါတတည်းဟူသော သူတစ်ပါးအသက်ကို သတ်ဖြတ်ညှဉ်းဆဲခဲ့သူများ အသက်တိုကြပါသည်။

ယခုဘဝမှာပင် အသက်ရှည်ကြောင်း ကျန်းမာကြောင်း ကောင်းမှုအမျိုးမျိုး ပြုလုပ်နိုင်ပါသည်။ အရှင်အနုရုဒ္ဓါ၏ ညီမတော် (ရောဟိနီ) မင်းသမီးကလေးသည် ရောဂါဝေဒနာ နှိပ်စက်ခံရသောအခါ အရှင် အနုရုဒ္ဓါမထေရ်က ဇရပ်တစ်ဆောင်ဆောက်၍ တံမြက်လှည်းခြင်း၊ ကြမ်းတိုက်ခြင်း၊ သောက်ရေ၊ သုံးရေ အမျိုးမျိုးထည့်ခြင်း၊ သံဃာ့ဝေယျာဝစ္စ၊ ဘုရားဝေယျာဝစ္စ အမျိုးမျိုးပြုလုပ်ခြင်းဖြင့် ယခုဘဝမှာပင် ရောဂါပျောက်ကင်းခြင်း အကျိုးများ ရရှိပါသည်။

သီဟိုဠ် (သီရိလင်္ကာ) ဘုရင် ဝသဘမင်းကြီးသည်လည်း ရေစစ်၊ ဆေးဝါးများ လှူဒါန်းခြင်း၊ စေတီဟောင်း၊ ကျောင်းဟောင်းများ ပြုပြင်ခြင်း၊ သီလများ စောင့်ထိန်းခြင်းကြောင့် ပုဏ္ဏားပညာရှင်များက နန်းစံသက် ၁၂–နှစ်မျှသာ အသက်ရှည်မည်ဟု ဟောထားသော်လည်း နန်းစံသက် ၄၄–နှစ်ထိ ယခုဘဝမှာပင် ရှည်ခဲ့ကြောင်း သိရှိရပါသည်။

အတိတ်က ကံကောင်းခဲ့သည်၊ မကောင်းခဲ့သည်ကို မသိနိုင်သော်လည်း ပစ္စုပ္ပန်မှာပင် အသက်ရှည်ကြောင်း ကောင်းမှုအမျိုးမျိုး ပြုလုပ်နိုင်ပါသည်။

## ''အရိမေတ္တေယျ မြတ်စွာဘုရား''

မေး။ ။ အရှင်ဘုရား......

အရိမေတ္တေယျမြတ်စွာဘုရားရှင်သည် ဘယ်အချိန်တွင် ပွင့်တော်မူမည်ကိုလည်းကောင်း၊ ယခုအခါ အဘယ်ဘုံ၊ အဘယ်ပုဂ္ဂိုလ်အဖြစ် ရောက်ရှိနေသည်ကိုလည်းကောင်း သိလိုပါသည် ဘုရား။

ခင်ခင်သော် (ရန်ကုန်)

ဖြေ။ ။ ဤဘဒ္ဒကမ္ဘာတွင် ဘုရား ငါးဆူပွင့်မည်။ ယခုအခါ လေးဆူပွင့်ပြီးဖြစ်၍ အရိမေတ္တေယျဘုရားတစ်ဆူပွင့်ရန် ကျန်ပါသေးသည်။ လူတို့၏ အသက် တစ်သိန်းတမ်းတွင် ပွင့်ပါမည်။

ယခု လူတို့၏ အသက်တမ်းသည် ၇၅ နှစ်တမ်းဖြစ်သည်။ ထိုမှ ၁၀ နှစ်တမ်းအထိ ဆုတ်သွားမည်။ တစ်ဖန် ၁၀ နှစ်တမ်းမှ မရေမတွက်နိုင်အောင် အသင်္ချေယျတမ်းအထိ တက်သွားဦးမည်။ ၎င်းအသင်္ချေယျတမ်းမှ တဖြည်းဖြည်း ပြန်ဆုတ်လာရာ လူတို့၏အသက်တမ်း တစ်သိန်းတမ်းတွင် ပွင့်တော်မူမည်။ အသက် တစ်သိန်းတမ်းရှိရာတွင် အရိမေတ္တေယျဘုရားရှင် သည် ဘုရားရှင်တို့၏ဓမ္မတာအတိုင်း အသက်တမ်း၏ ၅–ပုံပုံ ၄–ပုံ (အနှစ် ရှစ်သောင်း) အသက်ရှည်မည်ဟု ဒီဃနိကာယ်၊ ပါထိကဝဂ်၊ နှာ ၆၃၌ ဆိုပါသည်။ (အသီတိ ဝဿ သဟဿာယု ကေသု ဘိက္ခဝေ မနုဿေသု မေတ္တေယျောနာမ ဘဂဝါလောကေ ဥပ္ပဇ္ဇိဿတိ)



တစ်ကမ္ဘာ၏ သက်တမ်းသည် အသင်္ချေယျ လေးကပ်ရှိသည်။ အသင်္ချေယျတစ်ကပ်သည် အန္တယျကပ်ပေါင်း ၆၄ ကပ် ရှိပါသည်။ အန္တရကပ်တစ်ကပ်၏ အချိန်အတိုင်းအတာမှာ လွန်စွာ ကြာညောင်းလှသည်။ လူတို့၏ သက်တမ်းသည် အမြဲမရှိ၊ ဆုတ်သည့်အခါ ဆယ်နှစ်တမ်း အထိ ဆုတ်၍၊ တက်သည့်အခါ မရေမတွက်နိုင်အောင် (အသင်္ချေယျတိုင် အောင်) တက်သွားသည်။ (အသင်္ချေယျမှ ၁၀ နှစ်တမ်းအထိ၊ ၁၀ နှစ်တမ်းမှ အသင်္ချေယျအထိ) ဆုတ်ကပ် တက်ကပ်တစ်စုံကို အန္တရကပ် တစ်ကပ်ဟု ဆိုပါသည်။ အန္တရကပ် တစ်ကပ်တွင် ဘုရားတစ်ဆူသာ ပွင့်ပါသည်။

ဤဘဒ္ဒကမ္ဘာတွင် ရှေးဦး အန္တရကပ် ရှစ်ကပ်တွင် ဘုရားမပွင့်သေးဘဲ၊ ကိုးခုမြောက် အန္တရကပ်တွင် ကကုသန်ဘုရား၊ ၁၀–ခုမြောက် အန္တရကပ်တွင် ကောဏာဂုံဘုရား၊ ၁၁–ခုမြောက် အန္တရကပ်တွင် ကဿပဘုရား၊ ယခုရောက်ဆဲ ၁၂–ခုမြောက် အန္တရကပ်တွင် အသက် ၁၀၀–တမ်း၌ ဂေါတမဘုရားရှင် ပွင့်တော်မူပါသည်။ လာမည့် ၁၃–ခုမြောက် အန္တရကပ်၏ အသက်တစ်သိန်းတမ်းတွင် အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူမည်ဟု ပဏ္ဍိတဝေဒနီယကျမ်း၌ ဆိုပါသည်။

ယခုအခါ မေတ္တေယျဘုရားလောင်း ဘယ်ဘုံ၊ ဘယ်ဌာန၊ ဘယ်ပုဂ္ဂိုလ်အဖြစ် ရောက်ရှိနေသည်ကိုကား ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီး ရေးသားတော်မူသော မဟာဝင်ဝတ္ထု နှာ–၃၇၆၊ ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခန်း၌ ဖော်ပြထားပါသည်။

ဒုဋ္ဌဂါမဏိမင်းကြီး နတ်ရွာစံခါနီးတွင် နတ်ပြည် ခြောက်ထပ်မှ နတ်ရထား ခြောက်စင်းတို့ ဆိုက်ရောက်လာရာ မင်းကြီးသည် အဘယမထေရ် ရဟန္တာအရှင်မြတ်ကို အောက်ပါအတိုင်း မေးလျှောက်တော်မူပါသည်။

"အရှင်ဘုရား၊ ခြောက်ပါးသော နတ်ပြည်တို့တွင် အဘယ် နတ်ပြည် သည် သာ၍ မွေ့လျော်ဖွယ် ရှိပါသနည်း" ဟု မေး၏။ မထေရ်မြတ်လည်း "မြတ်သောမင်းကြီး၊ ဘုရားဖြစ်ထိုက်သောအခါကို ကြည့်မျှော်ကာ နေသော၊ ကြီးသော ကရုဏာတော်ရှိသော မေတ္တေယျဘုရား အလောင်းသည် တုသိတာ နတ်ပြည်၌ နေ၏။ ထို့ကြောင့် တုသိတာ နတ်ပြည်သည် မွေ့လျော်ဖွယ်ရှိသည်ဟူ၍ သူတော်ကောင်းတို့ ချီးမွမ်းကြသည်" ဟုဆိုပေ၏။

မင်းကြီးလည်း မထေရ်မြတ်၏စကားကို ကြားရသော် မဟာစေတီကို ရှုမျှော်ကာ လျောင်းလျက်သာ မျက်စိမှိတ်တော်မူ၏။ ထိုခဏ၌ စုတေ၍ တုသိတာနတ်ပြည်မှ လာသော ရထား၌ ဥပပါတ်နတ်၏ ကိုယ်သည် ထင်ရှားဖြစ်လေ၏။

"ဒုဋ္ဌဂါမဏိမင်းကြီးသည်ကား မေတ္တေယျဘုရားရှင် ပွင့်တော်မူသောအခါ လက်ယာရံ အဂ္ဂသာဝက မထေရ်ကြီးဖြစ်လတ္တံ့၊ မင်း၏ ညီတော် သဒ္ဓါတိဿမင်းကား လက်ဝဲရံအဂ္ဂသာဝက ဖြစ်လတ္တံ့၊ မင်း၏ခမည်းတော် ကာကဝဏ္ဏတိဿမင်းကား မေတ္တေယျဘုရား၏ ခမည်းတော် ဖြစ်လတ္တံ့၊ မင်း၏ မယ်တော် ဝိဟာရဒေဝီမိဖုရားကား မေတ္တေယျဘုရား၏ မယ်တော် ဖြစ်လတ္တံ့၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ သားတော်သာလိကုမာရမင်းသားကား မေတ္တေယျဘုရားအလောင်း၏ သားတော်ဖြစ်လတ္တံ့။ ဤသို့ ရဟန္တာအရှင်တို့ ဗျာဒိတ်သံကို ခံရသော ပုဂ္ဂိုလ်တို့တည်း" ဟု ဖော်ပြထားသည်။ ထို့ကြောင့် မေတ္တေယျဘုရားလောင်းသည် တုသိတာနတ်ပြည်၌ ရှိသည်ဟု ဖြေရပါမည်။ (မဟာဝင်ကျမ်းသည် လေးစားထိုက်သော ကျမ်းတစ်ဆူဖြစ်ပါ၏။)

တစ်ဖန်– ဒီပဲရင်းဆရာတော်ဘုရားကြီး ရေးသားတော်မူသည့် မေတ္တေယျဘုရားရှင်နှင့် ပတ်သက်သော 'အနာဂတဝင်' ကျမ်းတွင်



"မေတ္တေယျဘုရားလောင်းသည် ဂေါတမဘုရားရှင် လက်ထက်က အဇာတသတ်မင်းနှင့် ကဥ္စနဒေဝီမိဖုရားတို့က မွေးဖွားသော အဇိတမင်းသားဖြစ်သည်။ နောင်အခါ ရဟန်းပြု၍ အဇိတမထေရ်ဟု ထင်ရှားသည်။ ထိုမထေရ်သည် မေတ္တေယျ ဘုရားလောင်းဖြစ်ကြောင်း ဝေဠုဝန် ကျောင်းတော်၌ မိန့်တော်မူသည်ဟု ပါရှိသည်။

လူတို့၏ အနှစ်တစ်သိန်းတမ်း၌ မေတ္တေယျဘုရားလောင်းသည် တုသိတာ နတ်ပြည်မှ စုတေ၍ ကေတုမတီပြည်၊ သုဗြဟ္မာ အမည်ရှိသော ပုဏ္ဏားပညာရှိကြီးနှင့် ဗြဟ္မဏဝတီ မည်သော ပုဏ္ဏေးမတို့၏ သားတော်ဖြစ်သည်။ စည်းစိမ်းအမျိုးမျိုးခံစား၍ တောထွက် ရဟန်းပြုပြီး ဒုက္ကရစရိယ ခြောက်ရက်ကျင့်ကာ ကံ့ကော်ဗောဓိပင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူမည်ဟု ဖော်ပြပါရှိပါသည်။ (အနာဂတဝင်ကျမ်းသည်လည်း လေးစားထိုက်သော ကျမ်းတစ်ဆူဖြစ်ပါ၏။)

## "ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း"

မေး။ ။ အရှင်ဘုရား......

၁။ ယောက်ျားအချင်းချင်း၊ မိန်းမအချင်းချင်း ကျူးလွန် ပြစ်မှားကြလျှင် အပြစ်ရှိပါသလား ဘုရား၊ ငရဲကျနိုင်ပါသလား ဘုရား။

၂။ လူပျိုဘဝဖြင့် မကောင်းသည့် မိန်းမများနှင့် ပျော်ပါးလျှင် အပြစ်ရှိပါသလားဘုရား။

၃။ အိမ်ထောင်ရှိပါလျက်နှင့် မကောင်းသည့် မိန်းမများနှင့် ပျော်ပါးလျှင် အပြစ်ရှိပါသလား ဘုရား။

ကိုစိုးလှ (ပြည်)

ဖြေ။ ။ ပါထိကဝဂ်၊ စက္ကဝတ္တိသုတ် အဋ္ဌကထာ၌ "မိန်းမအချင်းချင်း၊

ယောက်ျားအချင်းချင်း တပ်မက်သည့် ဆန္ဒရာဂမျိုးကို မိစ္ဆာဓမ္မ= မှားယွင်းသော အကျင့်အဖြစ်လည်းကောင်း၊ မိခင်၊ မိကြီး၊ မိထွေး၊ အဘွားစသော မပြစ်မှား မကျူးလွန်သင့်သော အမျိုးသမီးတို့အပေါ်၌ တပ်မက်သော ရာဂမျိုးကို အဓမ္မရာဂအဖြစ်လည်းကောင်း" မိန့်ဆိုထားသည်။ ထို့ကြောင့် ယင်းအပြုအမူတို့မှာ အလွန်အပြစ်ကြီးလေးသော ကိစ္စများဖြစ်ပါသည်။ ဖော်ပြပါ ပုဂ္ဂိုလ်များအပေါ်၌ ကျူးလွန်ပြစ်မှားကြလျှင် ကာမေသုမိစ္ဆာစာရကံအောက် မယုတ်သော အပြစ်များ ဖြစ်ပါသည်။

အမျိုးသားမှာ လူပျိုဖြစ်စေ၊ လူအိုဖြစ်စေ၊ မကောင်းသည့်မိန်းမ (ပြည့်တန်ဆာမများ) နှင့် သတ်မှတ်ထားသော အခကြေးငွေပေး၍ ပျော်ပါးခြင်းမှာ ကာမေသုမိစ္ဆာစာရကံကား မထိုက်ပါ။ သို့သော်လည်း လောက၌ ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ဣတ္ထိဓုတ္တ= အမျိုးသမီးတို့နှင့် ပျော်ပါးလိုက်စားမှုများသော အကျင့်။ အက္ခဓုတ္တ=လောင်းကစားကျူးသော အကျင့်။ သုရာဓုတ္တ= သေရည်သေရက် မူးယစ်ဆေးဝါးသုံးစွဲမှုများသော အကျင့်တို့တွင် ပါဝင်သည်။ ထိုအကျင့်တို့ သည် သံသရာကို ထားဘိဦး၊ ပစ္စုပ္ပန်မှာပင် ပျက်စီးခြင်းအမျိုးမျိုးတို့နှင့် ကြုံရပြီး ဒုက္ခအမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြရကုန်၏။

ဣတ္ထိဓုတ္တပုဂ္ဂိုလ်များသည် ယခုခေတ်ကုသ၍ မရသော အေအိုင်ဒီအက်စ်၊ အိတ်ချ်အိုင်ဗွီ ရောဂါဆိုးအမျိုးမျိုးတို့ကို မိမိကိုယ်တိုင် ခံစားရသည့်အပြင် မိမိနှင့်ဆက်နွယ်ပတ်သတ်သူအားလုံးကိုပါ ရောဂါဆိုးများ ဖြန့်ဝေခြင်းဖြင့် တစ်စတစ်စ လူသားထုအများကို ပျက်စီးစေနိုင်သော အကျင့်ဆိုးများဖြစ်သည်။ သံသရာ ဒုက္ခများကိုပါ အကြီးအကျယ် ခံစားရမည်မှာ မလွဲဧကန် ဖြစ်ပါသည်။

ထို့ကြောင့် သူတော်ကောင်း အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် လောကသံသရာ ပျက်စီးရာ ပျက်စီးကြောင်း ဣတ္ထိဓုတ္တ၊



သုရာဓုတ္တ၊ အက္ခဓုတ္တ အမျိုးမျိုးတို့ကို ရှောင်ကြဉ်သင့်လှပေသည်။

📖

## "ရဟန်းသာမဏေများ"

မေး။ ။ အရှင်ဘုရား......

ရဟန်းသာမဏေများသည် အနန္တဂိုဏ်းဝင် မိခင်၊ ဖခင်တို့အား ရှိခိုးထိုက်၊ မခိုးထိုက် ပါဠိသာဓက အကိုးပြလျက် ဖြေကြားပေးတော်မူပါဘုရား။

ရှင်သာမဏေရ (ရေဦး)

ဖြေ။ ။ ရှင်သာမဏေနှင့် ရဟန်းတော်များကို အိမ်ရာတည်ထောင် လူ့ဘောင်မှ ခွာရှောင်၍ ကျင့်သုံးနေထိုင်သော အနာဂါရိကပုဂ္ဂိုလ်များဟု ခေါ်ပါသည်။ အိမ်ထောင်စီးပွား၊ သားမယား အနှောင်အဖွဲ့တို့နှင့် နေထိုင်ကြသော လူဝတ်ကြောင်ပုဂ္ဂိုလ်များကို အာဂါရိကပုဂ္ဂိုလ်များဟု ခေါ်ပါသည်။ အာဂါရိက ထက် အနာဂါရိက ပုဂ္ဂိုလ်က မြတ်ပါသည်။

မိဘများနှင့် စကြဝတေး မန္တတ်မင်းများကို မဆိုထားဘိ၊ အနာဂါမ်အရိယာလူပုဂ္ဂိုလ်များပင်– ယနေ့ ပြုသစ်စ ပုထုဇဉ် ရှင်သာမဏေနှင့် ရဟန်းများကို ရှိခိုးဦးချ ဂါရဝပြု အရိုအသေပေးရပါသည်။

သားမယား အနှောင်အဖွဲ့ကင်းသော ရှင်ရဟန်းအဖြစ်သည် လိုရာအရပ်သို့ လွတ်လွတ်လပ်လပ် အရှိန်အဟုန်ကောင်းကောင်းဖြင့် အလျင်အမြန် ပျံသွားနိုင်သော ရွှေဟင်္သာမင်းနှင့် တူ၏။ သားမယား အနှောင်အဖွဲ့ရှိသော လူအနာဂါမ်အရိယာ ပုဂ္ဂိုလ်မျိုးသည် အမြီးအမောက် စသည်တို့ဖြင့် ရှုပ်ထွေးနေသော ဥဒေါင်းငှက်နှင့်တူ၏။ လိုရာအရပ်သို့ အရှိန်အဟုန်ဖြင့် လွတ်လပ်ပေါ့ပါး လျင်မြန်စွာ ပျံသွားနိုင်ခြင်း မရှိပေ။ မင်္ဂဖိုလ် နိဗ္ဗာန်ရရှိရေး

ဦးတည်ကြိုးစားရာ၌ ပုထုဇဉ်ရဟန်း သာမဏေများသည် သားမယား အနှောင်အဖွဲ့ကင်းသဖြင့် အရှိန်အဟုန်ဖြင့် လျင်မြန်စွာ သမထ–ဝိပဿနာ ဘာဝနာများပွား၍ မဂ်ဖိုလ်သို့ အမြန်ရောက်နိုင်၏။ လူအနာဂါမ်သည် သားမယား အနှောင်အဖွဲ့ ရစ်ပတ်ငြိတွယ်နေ၍ အရှိန် အဟုန်ကောင်း ကောင်းဖြင့် သမထ–ဝိပဿနာ ဘာဝနာ မပွားနိုင်သော ကြောင့် မဂ်ဖိုလ်သို့ အမြန်မရောက်နိုင်ကြောင်း သုတ္တနိပါတပါဠိ၊ နှာ၊ ၃၁၁– နှင့် ၎င်း အဋ္ဌကထာ ပ–အုပ်၊ ၂၆၂ တို့၌ ဖွင့်ဆိုထားပါသည်။

ထို့ပြင် ရဟန်းမိန်းမများသည်လည်း ဝါ ၁၀၀ ရစေကာမူ ယနေ့ ပြုသစ်စဖြစ်သော ရဟန်းသံဃာများကို ရှိခိုးဦးချ ဂါရဝပြုရမည်သာ ဖြစ်သည်။

## "အဖန်ငါးရာ၊ ငါးကမ္ဘာ"

မေး။ ။ အရှင်ဘုရား.....

ပုထုဇဉ်နှင့် အရိယာပုဂ္ဂိုလ်တို့ မိမိကိုယ်ကို မိမိသတ်သေမိလျှင် ပါဏာတိပါတကံ ထိုက်မထိုက်၊ အဖန်ငါးရာ (ငါးကမ္ဘာ) ခံရသည်ဆိုသော စကား မှန်၊ မမှန် နားလည်အောင် ဖြေကြားပေးတော်မူပါဘုရား။

ဦးသက် (မြိတ်)

ဖြေ။ ။ မိမိကိုယ်ကို သတ်သေခြင်းသည် ဘဝငါးရာ (အဖန်ငါးရာ) ငါး ကမ္ဘာခံရသည်ဆိုသောစကားကို ကျမ်းဂန်တို့၌ ဖော်ပြထားခြင်းမရှိပါ။ 'အဖန် ငါးရာ ငါးကမ္ဘာ' ဆိုသောစကားသည် ဇာတကနိပါတ်၊ မတကဘတ္တဇာတ်မှ လာသောစကား ဖြစ်ပါသည်။ တစ်စုံတစ်ယောက်သည် ပါဏာတိပါတကံ လွန်ကျူးခဲ့လျှင် ထိုကံကြောင့် သေသည်၏အခြားမဲ့၌ အပါယ်ငရဲ၌ ဆင်းရဲ



ဒုက္ခ ခံစားရ၏။ ငရဲမှလွတ်လာလျှင်လည်း တူသော အကျိုးပေးသည့်အနေ ဖြင့် တစ်ပါးသူ၏ သတ်ခြင်းကို ဘဝပေါင်းငါးရာတိုင်တိုင် ခံရ၏ဟု ဖော်ပြ ထားပါသည်။ သူတစ်ပါးအသက်ကို သတ်လျှင် ဤကဲ့သို့ အပြစ်များခံရ တတ်ကြောင်း ဖော်ပြထားပြီး မိမိကိုယ်ကို သတ်၍ 'အဖန်ငါးရာ ငါးကမ္ဘာ' ခံရကြောင်း ဖော်ပြထားခြင်း မရှိပါ။

မိမိကိုယ်ကို သတ်သေခြင်းသည် ပါဏာတိပါတကံ မထိုက်ဟု ကျမ်းဂန်တို့၌ ဖော်ပြထားပါသည်။ အမှန်မှာ ပါဏာတိပါတကံ ဆိုသည်မှာ သူတစ်ပါးအသက်ကို သတ်သောကံဖြစ်သည်။ မိမိကိုယ်ကိုသတ်သည့်ကံ မဟုတ်ပါ။ သူတစ်ပါး အသက်သတ်ခြင်းသာ ပါဏာတိပါတကံ ထိုက်ပြီး မိမိကိုယ်ကို သတ်ခြင်းသည် ပါဏာတိပါတကံ မထိုက်ပါ။ ပါဏာတိပါတ ကံသည် အင်္ဂါ ငါးပါး ပြည့်စုံမှသာ ကမ္မပထမြောက်ပြီး အပါယ်ကျစေနိုင် ၏။ အင်္ဂါငါးပါးအနက် တစ်ပါးပါးချို့ယွင်းခဲ့လျှင် ကမ္မပထ မမြောက်၍ အပါယ် မကျစေနိုင်ပါ။ မိမိကိုယ်ကို သတ်သေခြင်းသည် ပါဏာတိပါတကံ မြောက်ကြောင်း အင်္ဂါငါးပါးအနက် ပါဏသညိတာ= သတ္တဝါဟု အမှတ်ရှိ ခြင်းဆိုသည့်အင်္ဂါနှင့် မပြည့်စုံသောကြောင့် ပါဏာတိပါတကံ မထိုက် ကြောင်း ဝိမတိဝိနောဒနီ (ပ–၂၂၈) ၌ အတိအလင်း ဖော်ပြထားပါသည်။ ထို့ကြောင့် မိမိကိုယ်ကိုသတ်သေခြင်းသည် ပါဏာတိပါတကံ မထိုက်၍ အပါယ်လည်း မကျနိုင်။ အဖန်ငါးရာ ငါးကမ္ဘာခံရသည် ဆိုခြင်းသည်လည်း မဖြစ်နိုင်ပါ။

## "တေဒဂ်ရ ပုဂ္ဂိုလ်များ"

မေး။ ။ အရှင်ဘုရား.....

မြတ်စွာဘုရားရှင်က တပည့်သာဝကများအား ပေးအပ်သော

## ''အလေးတင်းတောင်း မမှန်၊ ပစ္စည်းအရောအနှော အတုအပများ ရောင်းမိသော်''

မေး။ ။ အရှင်ဘုရား......

ဈေးသည်များသည် ချိန်တွယ်၍ ရောင်းရသော ကုန်များတွင် တစ်ပိဿာဝယ်ရာ၌ ကိုးဆယ်ကျပ်သားသာချိန်၍ အလေးခိုး၍ ရောင်းချစားသောက်ခြင်းသည်လည်းကောင်း၊ ပစ္စည်းအညံ့ကို အကောင်း၊ အတုကို အစစ်ဟု လိမ်ညာရောင်းချသူများသည်လည်းကောင်း အဘယ်ကံမြောက်၍ အဘယ်အပြစ်များ ဖြစ်ပါသနည်း။

မအေးအေးမွန် (ပုတီးကုန်း)

ဖြေ။ ။ ဈေးသည်များသည် အလေးခိုး၍ ရောင်းခြင်း၊ ပစ္စည်းကောင်းနှင့် အစစ်ကို ရောနှော၍ ရောင်းခြင်း၊ ပစ္စည်းအတုရောင်းခြင်း စသော မမှန်ကန်သောနည်းဖြင့် ရောင်းချစားသောက်လျှင် အဒိန္နာဒါနကံထိုက်ပြီး သေလျှင် ဘူသနဒီခေါ်သော ဖွဲပြာမြစ်ငရဲသို့ ကျရောက်တတ်ပါသည်။ ဘူသနဒီ= ဖွဲပြာမြစ်ငရဲဟူသည် သံရည်ပူမြစ်ကြီးထဲတွင် ဖွဲပြာများအပေါ်ယံ ဖုံးထားသော ငရဲမြစ်ကြီးဖြစ်သည်။ ထိုကဲ့သို့ ပစ္စည်းလိမ်ရောင်းချခဲ့သော ငရဲသားများသည် ရေငတ်၊ အစာငတ်လှသဖြင့် ထိုဖွဲပြာများဖုံးထားသဖြင့် ကြည်လင်သော ရေရှိသောမြစ်ဟု ထင်မှားအောင် လှည့်စားထားသော မြစ်အတွင်းသို့ ဆင်း၍ အတင်းသောက်ကြကုန်၏။ ထိုအခါ သံရည်ပူနှင့် ဖွဲပြာတို့သည် ပါးစပ်နှင့် ဝမ်းဗိုက်အတွင်း ဝင်ကာ တစ်ကိုယ်လုံး လောင်ကျွမ်း ပျက်စီး၍ ခံစားရပါသည်။ ကံမကုန်မချင်း ထိုမြစ်ရေတို့ကို ထပ်ပြန်တလဲလဲ သောက်၍ ပူလောင်ခံစားရသည်။ တစာစာ ဟစ်ကြွေးမြည်တမ်း၍ ခံကြရ ကုန်၏။ ငရဲမှ လွတ်ပြန်သောအခါ၌လည်း ဘဝအဆက်ဆက် ဆင်းရဲ မွဲတေခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒဏ်တို့ကို အမျိုးမျိုးခံကြရကုန်၏။



## " 'လောက်လန်းသဖွယ် ဝိညာဏ်တွယ်' ဆိုသော စကားမှန် မမှန်''

မေး။ ။ အရှင်ဘုရား......

ဘဝကူးပြောင်းရာတွင် ဝိညာဏ်ကလေးသည် ကူးပြောင်းရမည့် နောက်ဘဝ၊ နောက်ခန္ဓာလေးကို မရမခြင်း ဘဝဟောင်း၌ တွယ်၍နေပြီး 'လောက်' သတ္တဝါကဲ့သို့ တလန်းလန်းနှင့်နေပြီးကာမှ ဘဝသစ်၊ ခန္ဓာသစ် မှီစရာရှိမှ ခန္ဓာသစ်ကို တွယ်လိုက်၊ ကပ်လိုက်သည်ဟု ကြားဖူးပါသည်။ ထိုစကားမှန်လျှင် ဝိညာဏ်သည် တစ်ဘဝပြီး တစ်ဘဝကူးနေပြီး မပျက်စီးတော့သည့်သဘော ဖြစ်နေပါသည်။ အများနားလည်အောင် ရှင်းပြပေးတော်မူပါဘုရား။

ကိုလှိုင်ကြည် (ဟင်္သာတ)

ဖြေ။ ။ ဘဝကူးပြောင်းရာ၌ ဘဝဟောင်းက ဝိညာဏ် (နာမ်တရား) ကလေး နောက်ဘဝသစ်သို့ ကူးပြောင်းသွားခြင်း မဟုတ်ပါ။ ဘဝဟောင်းက ဝိညာဏ် (နာမ်တရား) လေးသည် ဘဝဟောင်းမှာပင်ချုပ်၍ ဘဝသစ်၌ ကံကြောင့်ဝိညာဏ် (နာမ်တရား) အသစ်အသစ်များ ထပ်မံ၍ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာခြင်းသာ ဖြစ်ပါသည်။ တစ်ဘဝတာအတွင်း သေမှ ဝိညာဏ်(နာမ်တရား) လေးချုပ်တာ မဟုတ်ပါ။ မသေခင်လည်း တစ်စက္ကန့်မျှ အချိန်အတွင်းမှာပင် စိတ်ဝိညာဏ်များ မရေမတွက်နိုင်အောင် ချုပ်ပျက်လျက်ရှိပါသည်။

ဘဝဟောင်း၏ နောက်ဆုံးစိတ်၊ စုတိစိတ် ဝိညာဏ်ကလေးသည် ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ဟု ဖြစ်တည်ပြီး ပျက်သွားချုပ်သွားသည်နှင့် တစ်ပြိုင်နက် ဘဝသစ်၊ ပဋိသန္ဓေစိတ်၊ ဝိညာဏ်ကလေးသည် တစ်ဆက်တည်း ဥပါဒ်၊ ဌီ၊ ဘင် (ဖြစ်၊ တည်၊ ပျက်) ဟု ဆက်လက် ဖြစ်ပေါ်လာ၏။

ဘဝဟောင်းစုတိ (သေသောစိတ်) နှင့် ဘဝသစ် ပဋိသန္ဓေစိတ် ဝိညာဏ် အကြား ဘာမှအခြားမရှိ၊ အတိတ်ဘဝတို့က ပြုလုပ်ခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအားလျော်စွာ ဘဝကောင်း၊ ဘဝညံ့ပဋိသန္ဓေစိတ် ဝိညာဏ် အမျိုးမျိုးတို့ ဖြစ်ပေါ်လာကြကုန်၏။ ဘဝဟောင်း၌ ပဋိသန္ဓေစိတ် ဝိညာဏ် ကလေးဖြစ်ပေါ်ပြီး ဘဝသစ်တွယ်ငြိစရာ မရှိသေးလျှင် လောက်လန်း ကောင်ကဲ့သို့ တစ်ဖက်ကို မလွှတ်သေးဘဲ တွယ်စရာ ဘဝသစ် ရမှ ပဋိသန္ဓေစိတ် ဝိညာဏ်ကလေးသည် ဘဝသစ်၌ (ငြိအဖြစ်= တည်လိုက်၊ တွယ်လိုက် သည်)ဟူသော အယူအဆသည် အဘိဓမ္မာနည်းအရ မိစ္ဆာအယူသာ ဖြစ်ပါ သည်။

ဘဝကူးပြောင်းပုံနှင့် ပတ်သက်ရာ၌ ဘဝဟောင်းမှ ရုပ်နာမ်တရား တစ်မျိုးမှ ဘဝသစ်သို့မလိုက်၊ ဘဝသစ်ရုပ်နာမ်အသစ်များ ဖြစ်လာခြင်းမှာ လည်း အတိတ်ဘဝဟောင်းတို့မှ ကုသိုလ်ကံအကုသိုလ်ကံတို့၏အကြောင်း နှင့်ကင်း၍လည်း ဘဝသစ် ပဋိသန္ဓေရုပ်နာမ်တို့ ဖြစ်မလာနိုင်ပါ။ ထို့ကြောင့် ဘဝကူးပုံကို တံဆိပ်တုံးရိုက်ခြင်းနှင့် ဥပမာပေးကြ၏။ စာရွက်ပေါ်တွင် တံဆိပ်တုံးရိုက်လိုက်သောအခါ စာရွက်တွင် ထင်သွားသော တံဆိပ်ရာနှင့် လက်တွင်ကိုင်ထားသော တံဆိပ်တုံးတို့သည် တစ်ခုတည်း မဟုတ်။ သီးခြား စီ ဖြစ်သကဲ့သို့ လက်ထဲတွင် ကိုင်ထားသော တံဆိပ်တုံးနှင့် ကင်း၍လည်း စာရွက်တွင် တံဆိပ်ရာ မထင်နိုင်။ ထိုနည်းတူစွာပင် ဘဝဟောင်း စိတ် ဝိညာဏ်နှင့် ဘဝသစ်စိတ်ဝိညာဏ်တို့သည် တခြားစီ သီးသန့်စီသာ ဖြစ်ကြ ၏။ သို့သော် အတိတ်ဘဝဟောင်းတို့က ကုသိုလ်ကံ၊ အကုသိုလ်ကံတို့နှင့် ကင်း၍လည်း ဘဝသစ်ပဋိသန္ဓေဝိညာဏ်များ ဖြစ်မလာနိုင်ပေ။

ရုပ်နာမ်အသစ် အသစ်များသာ ထပ်၍ထပ်၍ ဖြစ်လာသည်ဟု သိရှိသဘောပေါက်လျှင် ဝိညာဏ်ကလေးတစ်ခုက ဘဝအဆက်ဆက်



ကူးကူးသွားသည်ဟု ယူဆသော သဿတဒိဋ္ဌိအယူကို ပယ်ရှားနိုင်သည်။ ထိုသို့ ရုပ်နာမ်အသစ်အသစ်များ ဖြစ်လာခြင်းသည်လည်း ကုသိုလ်ကံ၊ အကုသိုလ်ကံအကြောင်း မကင်းသောအားဖြင့် ဖြစ်လာသည်ဟု သိရှိ သဘောပေါက်လျှင် ဘဝအသစ်အသစ်တို့သည် ဘဝဟောင်းတို့နှင့်မဆိုင်၊ သေလျှင် အလုံးစုံပြတ်၏ဟု ယူဆသော ဥစ္ဆေဒဒိဋ္ဌိအယူမှားကို ပယ်ရှားနိုင် သည်။ (အဘိဓမ္မာသဘာဝများသည် နက်နဲသောအရာများဖြစ်၍ ဤမျှနှင့် နားမလည်သေးပါက လူကိုယ်တိုင် လာရောက်မေးမြန်းလျှောက်ထားရန် ဖြစ်ပါသည်။)

## “ကာမေသုမိစ္ဆာစာရကံ ထိုက်၊ မထိုက်”

မေး။ ။ အရှင်ဘုရား......

တပည့်တော်တို့ ပုထုဇဉ်ပီပီ လူငယ်တွေအလျောက် သမီးရည်းစား ချစ်သူတွေ ရှိကြပါသည်ဘုရား။ သမီးရည်းစားဘဝတွင် နှစ်ဦးသဘောတူ မေထုန်မှုပြုမိလျှင် ကာမေသုမိစ္ဆာစာရကံ ထိုက်၊ မထိုက် ဖြေကြားပေးတော်မူ ပါဘုရား။ ထို့ပြင် ပြည့်တန်ဆာမတစ်ယောက်အား ငွေပေးပြီး ပျော်ပါးလျှင် မည်သည့်အပြစ်များ ထိုက်ပါမည်နည်း။ ဖြေကြားပေးတော်မူပါ ဘုရား။

ရတနာအောင် (ယော၊ ဂန့်ဂေါမြို့)

ဖြေ။ ။ ကာမေသုမိစ္ဆာစာရကံနှင့် ပတ်သက်၍ မေးခွန်းအတော်များများ မေးလာကြပါသည်။ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုး၊ တရားကျင့်ဖက် မိတ်ဆွေ စသော အစောင့်အရှောက်ရှိသော မိန်းမများနှင့် သူတစ်ပါး၏ဇနီး မယားများ စုစုပေါင်း ၂၀ မျိုးသော အမျိုးသမီးများကို အမျိုးသားများ မသွားလာအပ်ပေ။ သမီးရည်းစားဘဝတွင် မိဘ၊ ညီအစ်ကိုမောင်နှမ၊

ဆွေမျိုး၊ တရားကျင့်ဖက်မိတ်ဆွေ စသည်ဖြင့် မြန်မာအမျိုးသမီးများတွင် အစောင့်အရှောက်ကင်းသူဟု မရှိနိုင်သဖြင့် သမီးရည်းစားဘဝ မေထုန်မှုပြုမိလျှင် အမျိုးသားများ ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသည်။

အမျိုးသမီးပျိုများအတွက်မှာ မိဘစသော အစောင့်အရှောက်များသည် စောင့်ရှောက်ရုံသာ စောင့်ရှောက်ပြီး ကာမဂုဏ်ကို ပိုင်ဆိုင်သူများ မဟုတ်သည့်အတွက်ကြောင့်လည်းကောင်း၊ မိမိကာမဂုဏ်ကို ပိုင်ဆိုင်သော ခင်ပွန်းယောကျ်ား မရှိသေးသည့်အတွက်ကြောင့် လည်းကောင်း မိမိ ကာမဂုဏ်ကို မိမိသာပိုင်၏။ မိမိပိုင်သော ကာမဂုဏ်ကို ပေးသဖြင့် ကာမေသုမိစ္ဆာစာရကံ မထိုက်ပေ။ သို့သော် အမျိုးသမီးကောင်းတို့အနေဖြင့် ကာမေသုမိစ္ဆာစာရကံ မထိုက်သော်လည်း အမျိုးသမီးကောင်းတို့၏ ဂုဏ်အင်္ဂါပျက်စီးရခြင်း၊ အရှက်တကွဲ အကျိုးနည်းဖြစ်ရခြင်း၊ တန်ဖိုးမဲ့သော အမျိုးသမီးဘဝရောက်ရခြင်းတို့သည် ကာမေသုမိစ္ဆာစာရကံထက်ပင် ကြောက်စရာကောင်းလှသော ပစ္စုပ္ပန်ဆိုးကျိုးများကိုဖြစ်စေပြီး ဘဝဒုက္ခ အမျိုးမျိုးတို့နှင့် ရင်ဆိုင်ရသဖြင့် ဘဝပျက်ရမည့်အရေး မျှော်တွေး၍ အထူး ရှောင်ကြဉ်သင့်လှပါပေသည်။

ပြည့်တန်ဆာမများနှင့် ငွေပေးပြီး ပျော်ပါးသူများမှာ ကာမေသုမိစ္ဆာစာရကံ မထိုက်ပါ။ သို့သော် အထက်ဖော်ပြပါ အမျိုးသမီးပျိုများ စောင့်ထိန်းသင့်သကဲ့သို့ပင် လူသားမျိုးနွယ်အဆက်ဆက်ကို ပျက်စီးစေနိုင်သော အေအိုင်ဒီအက်(စ်)၊ အိတ်ချ်အိုင်ဗွီစသော ရောဂါဆိုးများ စွဲကပ်နိုင်ခြင်း၊ ကာလသားရောဂါ ရရှိနိုင်ခြင်း၊ စိတ်ဓာတ်ရေးရာ၊ အကျင့်သီလဆိုင်ရာ အမျိုးမျိုး ပျက်စီးနိုင်ခြင်း၊ စီးပွားဥစ္စာ၊ ပညာအမျိုးမျိုး ပျက်စီးနိုင်ခြင်းစသော လောကဆိုးကျိုး၊ သံသရာဆိုးကျိုးအမျိုးမျိုးတို့ကို ဖြစ်စေနိုင်သဖြင့် အထူး ရှောင်ကြဉ်သင့်လှပေသည်။



## ''သာသနာနှစ်–၅၀၀၀''

မေး။ ။ အရှင်ဘုရား......

သာသနာနှစ် ၅၀၀၀ ရှိ၏ဟု ပြောနေကြရာ သာသနာနှစ် ၅၀၀၀ ကိုမည်ကဲ့သို့ ပိုင်းခြားသည်ကို ကျမ်းဂန်ရှိအတိုင်း သိလိုပါသည်။ ရဟန္တာခေတ်မဟုတ်တော့လျှင် တရားကျင့်၍ ရပါသေးသလား။ ဖြေကြားပေးတော်မူပါဘုရား။

ရှင်ဇနက (ကမ္မာအေး)

ဖြေ။ ။ သာသနာနှစ်ငါးထောင်ရှိသည်ဟု ဆိုရာ၌ သာသနာနှစ် ငါးထောင် ပိုင်းခြားပုံကို ပါဠိတော်များ၌ မတွေ့ရပါ။ အဋ္ဌကထာကျမ်းများ၌သာ အလျဉ်းသင့်သလို ခွဲဝေပိုင်းခြားထားသည်ကို တွေ့ရပါသည်။

ဒီဃနိကာယ်–ဋ္ဌ–၁–၂၆၊ ၄၈–ဋ္ဌ–

(၁) ပထမ နှစ်တစ်ထောင်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်၊
(၂) ဒုတိယ နှစ်တစ်ထောင်သည် ဆဠာဘိည ရဟန္တာခေတ်၊
(၃) တတိယ နှစ်တစ်ထောင်သည် တေဝိဇ္ဇက ရဟန္တာခေတ်၊
(၄) စတုတ္ထ နှစ်တစ်ထောင်သည် သုက္ခဝိပဿက ရဟန္တာခေတ်၊
(၅) ပဉ္စမ နှစ်တစ်ထောင်သည် ပါတိမောက္ခ သံဝရ သီလခေတ်ဟု ပိုင်းခြားသည်။

ဝိနည်းပိဋကနှင့် အင်္ဂုတ္တရနိကာယ် အဋ္ဌကထာတို့ အလိုအားဖြင့်–

၁။ ပထမ နှစ်တစ်ထောင်သည် ပဋိသမ္ဘိဒါပတ္တ ရဟန္တာခေတ်၊
၂။ ဒုတိယ နှစ်တစ်ထောင်သည် သုက္ခဝိပဿက ရဟန္တာခေတ်၊
၃။ တတိယ နှစ်တစ်ထောင်သည် အနာဂါမ်ပုဂ္ဂိုလ်ခေတ်၊
၄။ စတုတ္ထ နှစ်တစ်ထောင်သည် သကဒါဂါမ်ပုဂ္ဂိုလ်ခေတ်၊
၅။ ပဉ္စမ နှစ်တစ်ထောင်သည် သောတာပန်ပုဂ္ဂိုလ်ခေတ်ဟု ပိုင်းခြား၍

ပြကြသည်။

ထိုသို့ ပိုင်းခြားပြသဖြင့် သာသနာနှစ်ငါးထောင်ပြည့်လျှင် သာသနာကွယ်လိမ့်မည် ထင်ကြသည်။ အထက်ပါ ပိုင်းခြားမှုမှာ အဖြစ်များ၊ အရှိများနိုင်သည်ကို သင့်လျော်သလို ပိုင်းခြားပြခြင်းသာ ဖြစ်သည်။ သာသနာကွယ်ခြင်းမှာ မြတ်စွာဘုရားရှင်၏ အဆုံးအမတရားများကို ကျင့်ကြံကြိုးကုတ်အားထုတ်မည့်သူ မရှိမှ ကွယ်မည်ဖြစ်ပါသည်။

“ဣမေစ သုဘဒ္ဒဘိက္ခူ သမ္မာဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိအဿ” ဟု သုတ်မဟာဝဂ် နှာ–၁၂၅၊ မဟာပရိနိဗ္ဗာနသုတ်၌ “ရဟန်းတော်များ၊ ယောဂီများ၊ ဘုရားဟောအတိုင်း ကောင်းစွာကျင့်ကြံနေသေးသမျှ လောကကြီး၌ ရဟန္တာအရှင်မြတ်များ မဆိတ်သုဉ်းနိုင်” ဟု ဆိုထားပါသည်။ တရားကျင့်သုံးသူရှိနေသမျှ ရဟန္တာတွေ ရှိနေနိုင်သေးသည်။ တရားကျင့်ဖို့သာ လိုရင်းဖြစ်ပါသည်။

## “ဆွမ်းခံသွားရင်း စာကျက်”

မေး။ ။ အရှင်ဘုရား......

တပည့်တော်တို့မြို့တွင် စာသင်တိုက်ကြီးတစ်တိုက်မှ သံဃာတော်အချို့သည် သံဃာတန်းအရှည်ကြီးနှင့်ဆွမ်းခံရင်း စာအုပ်ကြီးများကိုင်ကာ စာကျက်လျက် ကြွနေကြသည်ကို တွေ့ရပါသည်။ တပည့်တော်တို့ အမြင်တွင် ဆွမ်းခံရင်း စာအုပ်ကြီးများ တကိုင်ကိုင်နှင့် ကြည့်ရသည်မှာ တစ်မျိုးဖြစ်နေပါသည် ဘုရား။ ဘုရားရှင်လက်ထက်တော်က စာအုပ် မရှိသေး၍ ဆွမ်းခံသွားရင်း စာအုပ်မကိုင်ကြသေးသော်လည်း ပေစာ စာအုပ်များ ပေါ်လာသော ခေတ်များတွင် ဆွမ်းခံသွားရင်း စာအုပ်စာပေများ ကိုင်၍ စာ



ကျက်သော အလေ့ရှိကြပါသလား ရှင်းလင်း ဖြေကြားပေးတော်မူပါ ဘုရား။

ဦးဘိုင်းရင် (မြို့မဈေး)

ဖြေ။ ။ ဘုရားရှင်လက်ထက်က စာအုပ်စာပေမရှိသေးသော်လည်း ဆွမ်းခံရင်း တရားနှလုံးသွင်း၍ သွားလေ့ရှိပါသည်။ အရှင်သုဘူတိမထေရ်သည် ဆွမ်းခံရင်း ဆွမ်းခံအိမ်ဝရပ်နေစဉ်ပင် မေတ္တာစျာန်ကို ဝင်စား၍ မေတ္တာပွားလေ့ရှိပါသည်။ အခြားရဟန်းတော်များလည်း တရားတစ်မျိုးမျိုး နှလုံးသွင်း၍ ကြွသွားလေ့ရှိပါသည်။

ဆရာတော် ဦးဗုဓ်ငယ်စဉ် ကျောင်းသားဘဝက ကျောင်းမှအိမ်သို့ အပြန်တွင် ကျောင်းမှသင်လိုက်သောစာများကို ရွတ်ဆို၍ သွားသောဟူ၏။ အိမ်ပေါက်ဝသို့ရောက်၍ ရွတ်ဆိုစရာစာများ မကုန်သေးလျှင် အိမ်ထဲသို့ မဝင်သေးဘဲ အိမ်ခြံပေါက်ဝမှာပင် သင်ပြီးသမျှ စာများကို ပြီးစီးအောင် ရွတ်ဆိုပြီးမှ အိမ်ထဲသို့ ဝင်သောဟူ၏။ (အလွန်ကောင်းမွန်သော အလေ့အကျင့်ဖြစ်ပါ၏။)

ရှေးရှေးဆရာတော်များ၊ စာသင်သားများလည်း ဆွမ်းခံရင်း ရပြီးစာများကို နှလုံးသွင်းဆင်ခြင်၍ သွားကြကြောင်း သိရပါသည်။ ဘုန်းကြီးတို့ကိုယ်တိုင်ပင် ငယ်စဉ်က ဆွမ်းခံရင်း ပုဒ်စစ်၊ သဒ္ဒါစစ်များ ပြန်ဆိုခြင်းဖြင့်လည်းကောင်း၊ အဘိဓာန်ကျမ်းများ နေ့စဉ်အခန်းလိုက် ပြန်ဆိုခြင်းဖြင့်လည်းကောင်း ကြွသွားဖူးပါသည်။

ထို့ကြောင့် အရှင်သုဘူတိရဟန္တာမထေရ်ကဲ့သို့ မေတ္တာဘာဝနာပွားခြင်း၊ ဆရာတော်ဦးဗုဓ်ကဲ့သို့ ရပြီးစာများ နှလုံးသွင်းပြန်ဆိုခြင်း၊ ဂုဏ်တော်တစ်မျိုးမျိုး ပွားများခြင်း (သို့မဟုတ်) အခြားကျက်လိုမှတ်လိုသောစာများကို စာရွက်အပိုင်းလေးများဖြင့်ရေးပြီး သပိတ်ဖုံး၌ ကပ်၍ ကျက်သွားခြင်းတို့ဖြင့် ဣန္ဒြေရရ ကြွနိုင်မည်ဖြစ်ပါသည်။

စာအုပ်ကြီးများ တကိုင်ကိုင်နှင့် ဆွမ်းခံကြွရောက်နေသည်မှာတော့ ကြည့်ရမြင်ရသူတို့အတွက် တစ်မျိုးကြီးဖြစ်စရာ ရှိပါ၏။

## "ဘုရားဘယ်လိုရှိခိုးရမလဲ"

မေး။ ။ အရှင်ဘုရား......

တပည့်တော် ဘုရားရှိခိုးလျှင် ကြာကြာမထိုင်နိုင်ပါဘုရား။ ခြေထောက်တွေ ကျင်လာသည့်အတွက် ဆောင့်ကြောင့်မထိုင်နိုင်ဘဲ မိန်းမထိုင် ထိုင်၍ ရှိခိုးမိပါသည်။ ထိုကဲ့သို့ ရှိခိုးမိလျှင် ရိုသေရာ ရောက်ပါမည်လား၊ ဖြေကြားပေးတော်မူပါဘုရား။

မောင်ကောင်းထက် (မော်ဇာချေး)

ဖြေ။ ။ ဘုရားပူဇော်ရာ၊ အရိုအသေပေးရာ၌ အနေအထားထက် စေတနာက ပို၍ အရေးကြီးပါသည်။ ဂါရဝစိတ်၊ နိဝါတစိတ်ရှိလျှင် သင့်လျော်သလို ထိုင်၍ ရှိခိုးနိုင်ပါသည်။ ဓမ္မပဒ မဋ္ဌကုဏ္ဍလီဝတ္ထုတွင် မဋ္ဌကုဏ္ဍလီ သတို့သား လုလင်ငယ်လေးသည် သေခါနီးအိပ်ရာထဲ လဲလျောင်းလျက်ပင် ဘုရားရှင်အား အရိုအသေပြု၍ ဖူးမြင်လိုက်ခြင်းကြောင့် နတ်ပြည်ရောက်ခဲ့ပါသည်။

သုတ် သီလက္ခန်ပါဠိတော် သောဏဒဏ္ဍသုတ်တွင် သောဏဒဏ္ဍပုဏ္ဏားကြီးသည် ပုဏ္ဏားမျိုးတို့၏ ထုံးစံအစဉ်အလာနှင့် ကဲ့ရဲ့သင်္ဂြိုဟ်မှု အမျိုးမျိုးဘေးကြောင့် ဘုရားရှင်ကို ကျကျနန အရိုအသေပြုလိုသော်လည်း အခြေအနေအခွင့်အရေးပေးသလောက်သာ အရိုအသေပြုခွင့် ရရှာ၏။ သောဏဒဏ္ဍပုဏ္ဏားကြီး အရိုအသေပြုပုံမှာ "အရှင်ဂေါတမ၊ တပည့်တော် ပုဏ္ဏားပရိသတ်ထဲ၌ ရောက်နေစဉ် အရှင်ဘုရားကို ရှိခိုးမည်ဆိုလျှင် ပုဏ္ဏား



တို့က တပည့်တော်အား ကဲ့ရဲ့ရှုတ်ချခြင်း၊ စည်းစိမ်ဥစ္စာဖျက်ဆီးခြင်း အမျိုးမျိုးကို ပြုလုပ်ကြပါလိမ့်မည် ဘုရား။ တပည့်တော် စည်းစိမ်ဥစ္စာနှင့် အကျော်အစောတို့ကို မစွန့်လွှတ်နိုင်သေးပါဘုရား။ သို့ပါ၍ ပုဏ္ဏားပရိသတ်ထဲမှ တပည့်တော်လက်အုပ်လေးချီလိုက်လျှင် အရှင်ဘုရားကို ခရီးဦးကြိုဆိုသည်ဟု လည်းကောင်း၊ ခေါင်းပေါင်းကို ချွတ်လိုက်လျှင် အရှင်ဘုရားကို ရှိခိုးသည်ဟုလည်းကောင်း မှတ်တော်မူပါဘုရား။ ယာဉ်ရထားဖြင့်သွားစဉ် ကြိမ်လုံး (နှင်တံ) ကို မြှောက်လိုက်လျှင် ယာဉ်မှ ဆင်းသက်၍ အရိုအသေပေးသည်ဟု လည်းကောင်း၊ ထီးကို ဖယ်လိုက်လျှင် ဦးခေါင်းဖြင့် ရှိခိုးသည်ဟု လည်းကောင်း မှတ်တော်မူပါဘုရား" စသည်ဖြင့် အမှတ်သညာပေးခြင်းဖြင့်ပင် ဘုရားရှင်အား ကြည်ညိုရိုသေ ရှိခိုးပါသည်။ စေတနာသာ လိုရင်းဖြစ်ပါသည်။

(စေတနာသာလိုရင်းဖြစ်သော်လည်း ဘုရားဘက်ကို ခြေဆင်း၍ လက်အုပ်ချီ ရှိခိုးခြင်းမျိုးကား အရိုအသေပေးရာ မရောက်သော ပုံစံဖြစ်၍ မသင့်လျော်ပါ)။

## "ပစ္စေကဗုဒ္ဓါ"

မေး။ ။ အရှင်ဘုရား......

ပစ္စေကဗုဒ္ဓါအကြောင်း အကျဉ်းချုပ်မျှ ဖြေကြားပေးတော်မူပါဘုရား။

ဦးရူဝံ (ပုသိမ်)

ဖြေ။ ။ ပစ္စေကဗုဒ္ဓါကို "အသီးအခြား ကိုယ်တိုင်သာ ဆရာမရှိဘဲ သစ္စာလေးပါးကို သိမြင်သောဘုရား= သီးခြားဘုရား= ဘုရားငယ်" ဟု အသီးသီး

ခေါ်ဆိုကြ၏။

ပစ္စေကဗုဒ္ဓါ၏ အဓိပ္ပာယ်ကို ပို၍ထင်ရှားစေရန် သဗ္ဗညုဘုရားရှင်နှင့် နှိုင်းယှဉ်၍ ပြပါမည်။ သဗ္ဗညုဘုရားရှင်တို့သည် အနည်းဆုံး လေးအသင်္ချေ နှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရ၏။ တရားအလုံးစုံကို ကိုယ်တိုင်သိပြီး သိသည့်အတိုင်း ဝေနေယျသတ္တဝါတို့ကိုလည်း ဟောပြနိုင်၏။ ရှေးရှေး ဘဝခန္ဓာတို့ကိုလည်း အပိုင်းအခြားမရှိ အလိုရှိတိုင်း ဆင်ခြင်နိုင်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် နှစ်အသင်္ချေနှင့် ကမ္ဘာ တစ်သိန်း ပါရမီဖြည့်ရ၏။ တရားအလုံးစုံကို သိသော်လည်း ဟောပြော နိုင်ခြင်းကား မရှိ။ ရှေးရှေးဘဝ ခန္ဓာပေါင်း နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပြန်၍ ဆင်ခြင်နိုင်၏။

သဗ္ဗညုဘုရားရှင်တို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် မြူတိမ်ကင်းသော နေရောင်နှင့်တူ၏။ ဘဝအဆက်ဆက်ကို စုတိပဋိသန္ဓေကို မရှာဘဲ ဆင်ခြင်နိုင်၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့၏ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်သည် လရောင်နှင့်တူ၏။ ဘဝအဆက်ဆက် စုတိပဋိသန္ဓေ အစဉ်အားဖြင့်သာ ဆင်ခြင်နိုင်၏။ သဗ္ဗညုဘုရားရှင်တို့သည် မဇ္ဈိမဒေသ ဗောဓိမဏ္ဍိုင်ရှိ အဝိဇဟိတ အပရာဇိတပလ္လင်၌သာ ရဟန်းအသွင်ဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဝေနေယျသတ္တဝါတို့၏အလိုဆန္ဒ အားလျော်စွာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်တို့ကို အကျယ် ဟောကြားတော်မူ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဘုရားဖြစ်ရာ သီးခြား ဌာနမရှိ၊ သင့်လျော်ရာဌာန၌ပင် လူအသွင်ဖြင့် လည်းကောင်း၊ ရဟန်းအသွင်ဖြင့်လည်းကောင်း ပစ္စေကဗောဓိဉာဏ်ကို ရပြီး ဘုရားငယ်တစ်ဆူ ဖြစ်တော်မူ၏။ 'ဣစ္ဆိတံ ပတ္ထိတံ တုယှံခိပ္ပမေဝ သမိဇ္ဈတု' စသော နှစ်ဂါထာကိုသာ ဟောတော်မူ၏။ သဗ္ဗညုဘုရားတို့သည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန် ချမ်းသာကို ပေးနိုင်၏။ အမျိုးလေးပါးတို့တွင် အမြင့်ဆုံး ခတ္တိယမျိုး၌ဖြစ်၏။ မဇ္ဈိမ



ဒေသနှင့် တိုင်းအသီးသီးသို့ တရားဟော လှည့်လည်တော်မူ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် လူ၊ နတ် ချမ်းသာ နှစ်မျိုးသာ ပေးနိုင်၏။ အမျိုးလေးပါးတွင် ခတ္တိယ၊ ဗြဟ္မာဏ၊ ဂဟပတိမျိုးတို့၌ ဖြစ်ကြ၏။ သူဆင်းရဲမျိုး၌ကား မဖြစ်။ ဟိမဝန္တာရှိ ဂန္ဓမာဒနတောင်၌သာ သီတင်းသုံးမှု များ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် ဘုရားပွင့်ရာခေတ်၊ ဘုရားရှင်တို့၏ သာသနာ ခေတ်၌ ပွင့်ထွန်းခြင်းမရှိ။ သဗ္ဗညုဘုရားရှင်တို့၏ သာသနာပ အခါ၌သာ ပွင့်တော်မူ၏။ ပစ္စေကဗုဒ္ဓါအဖြစ် ဆုပန်ရန် အင်္ဂါငါးချက် ပြည့်စုံရမည်–

၁။ လူသားစင်စစ်ဖြစ်ခြင်း၊

၂။ ယောကျ်ားစင်စစ်ဖြစ်ခြင်း၊

၃။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့တွင် တစ်ပါးပါးကိုဖူးတွေ့ရခြင်း၊

၄။ အသက်စသည်ကို စွန့်၍ ဆုတောင်းခြင်း၊

၅။ ပစ္စေကဗုဒ္ဓါဖြစ်ရန် အားကြီးသော ဆန္ဒရှိခြင်းတို့ဖြစ်ပါသည်။

ယခုအခါ ပစ္စေကဗုဒ္ဓါခေတ်မဟုတ်၍ ပစ္စေကဗုဒ္ဓါတို့၏ ဂုဏ်ကျေးဇူးများ မထင်ရှားခြင်းဖြစ်ပါသည်။

(တိပိဋက ပါဠိမြန်မာ အဘိဓာန်ကြီးကို မှီးပါသည်။)

## "ယမမင်းနှင့် ငရဲထိန်းများ ပြန်၍ အပြစ်ခံရ/မခံရ"

မေး။ ။ အရှင်ဘုရား......

ငရဲပြည်ကို အုပ်စိုးသော ယမမင်းနှင့် ငရဲသားတို့ကို ညှဉ်းဆဲသော ငရဲထိန်းတို့သည် ဘာသာရေးဖက်မှကြည့်လျှင် အပြစ် ရှိမရှိနှင့် ထိုငရဲပြည်ကို အုပ်စိုးသောသူတို့သည် အဘယ်အကျိုးပေးကံကြောင့် ငရဲပြည်တွင် အုပ်စိုးသူများ ဖြစ်နေရပါသနည်း။ ထို့ပြင် ငရဲပြည်ကို အုပ်စိုးသူတို့၏

သက်တမ်းနှင့် သက်တမ်းကုန်ပြီးနောက် မည်သို့သော ဘဝမျိုးကို ကျရောက်နိုင်ပါသနည်း။ ဖြေကြားပေးတော်မူပါ ဘုရား။

မပြည့်မွန် (ရန်ကုန်မြို့)

ဖြေ။ ။ မပြည့်မွန်၏ မေးခွန်းသည် အလွန်လေးနက်ပါသည်။ မေးခွန်းအနေဖြင့် သုံးမျိုးတွေ့ရ၏။ အားလုံးကို ခြုံငုံ၍ ဖြေလိုက်ပါမည်။ ငရဲမင်းခေါ် ယမမင်းကြီးသည် စတုမဟာရာဇ်နတ်မျိုးဝင် တန်ခိုးကြီးသော နတ်ပြိတ္တာကြီး ဖြစ်ပါသည်။ သူတော်ကောင်းနတ်ကြီး ဖြစ်ပါ၏။ အပါယ် ပြိတ္တာမျိုးမဟုတ်ပါ။ ငရဲသားတို့ကို အမျိုးမျိုးနှိပ်စက်ညှဉ်းပန်းကြကုန်သော ငရဲထိန်းတို့သည်လည်း စတုမဟာရာဇ်နတ်မျိုးတွင် အကျုံးဝင်သော အလွန်ကြမ်းတမ်းယုတ်မာလှကုန်သော ဘီလူးမျိုး၊ ရက္ခိုသ်မျိုးများ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းတို့၏သက်တမ်းသည် စတုမဟာရာဇ်နတ်သက်အနေဖြင့် အနှစ်ငါးရာ၊ လူတို့၏ အသက်တမ်းအားဖြင့် အနှစ်ကိုးသန်း ရှည်ပါမည်။ (ဘုံအနေဖြင့် သက်တမ်းကို ပြောရသော်လည်း အချို့သော စတုမဟာရာဇ်နတ်မျိုးဝင်များသည် ကံရှိသလောက်သာ အသက်ရှည်ကြကုန်၏။)

ငရဲဘုံသို့ ရောက်ကြကုန်သော သူတို့တွင် အချို့ အကုသိုလ်ကံကြီးသော သူတို့မှာ ငရဲခံရမည့်နေရာသို့ ဦးတိုက်တောက်လျှောက်ကျရောက်သွားကြ၏။ ထိုသူများအဖို့ ယမမင်းကြီးနှင့် မသက်ဆိုင်ပေ။ ကုသိုလ်ကံ+အကုသိုလ်ကံ ရောလျက် ငရဲသို့ ကျရောက်လာသော သူတို့သည် ငရဲခံရမည့်နေရာသို့ တိုက်ရိုက်ကျရောက်သွားသည် မဟုတ်ဘဲ ငရဲပြည်၏ ပတ်ဝန်းကျင် တောတောင် မြေပြင်အရပ်တို့သို့ ရောက်သွားကြသည်။ ထိုသူတို့ကို ငရဲထိန်းတို့က ဖမ်းဆီး၍ ချက်ချင်း ငရဲခံရမည့်နေရာသို့ မချသေးဘဲ ယမမင်းကြီး၏ ရုံးတော်ရှိရာသို့ ခေါ်ဆောင်လာခဲ့ကြကုန်၏။

ငရဲကြီး ရှစ်ထပ်တွင် အထပ်တိုင်း၏ အလယ်ကောင်၌ ငရဲခံရမည့်



နေရာရှိ၏။ ပတ်ဝန်းကျင် သစ်ပင်တောတောင်မြေကွက်လပ်များရှိ၏။ ငရဲခံရမည့် နေရာ၏ ဘေးဖက်လေးတန်တွင် ငရဲမင်းယမမင်းကြီး၏ ရုံးတော်တစ်ခုစီရှိကြ၏။ ထိုရုံးတော်တို့တွင် ငရဲသားတို့အား ကုသိုလ် ကောင်းမှုတို့ကို အမှတ်ရအောက်မေ့မိအောင် အမျိုးမျိုးစစ်မေးကြကုန်၏။ ကုသိုလ်ကောင်းမှုတို့ကို သတိရအောင် အစဖော်ပေးကြကုန်၏။ ကုသိုလ်ကောင်းမှုတို့ကို သတိ ရ၍ အချို့ငရဲသားများ လူ့ပြည်၊ နတ်ပြည်သို့ ပြန်ရောက် ကြကုန်၏။ ကုသိုလ်ကောင်းမှုတို့ကို မပြုခဲ့၊ သတိလည်းမရ၊ အကုသိုလ်ကံ များသော ငရဲသားတို့ကို ငရဲထိန်းဖြစ်ကြသော ရက္ခိုသ်ဘီလူးတို့က ငရဲခံ နေရာဌာနသို့ ခေါ်ဆောင်၍ နှိပ်စက်ညှဉ်းပန်းကြကုန်၏။

ထို့ကြောင့် မိမိပြုသော ကုသိုလ်ကို သတိရပေးနိုင်စေရန် ကုသိုလ်ပြုတိုင်း ယမမင်းကြီးထံ အမျှပေးဝေနေကြခြင်း ဖြစ်၏။ ယမမင်းကြီးသည် နှိပ်စက်ညှဉ်းပန်းသူမဟုတ်။ ကယ်တင်သူသာဖြစ်၏။ နှိပ်စက်ညှဉ်းပန်းလိုသော စေတနာမပါလျှင် အပြစ်မရှိပေ။ ငရဲထိန်း၊ ရက္ခိုသ်ဘီလူးတို့သည်ကား နဂိုကပင် ကြမ်းတမ်းခက်ထန်ကြကုန်၏။ ညှဉ်းပန်းနှိပ်စက်ခြင်းတို့၌ ဝါသနာထုံကြကုန်၏။ နှိပ်စက်ညှဉ်းပန်းလိုသော စေတနာကြောင့် အကုသိုလ်ကံ အပြစ်ရောက်မည်သာဖြစ်၏။ ထိုက်သင့်သော ကုသိုလ်ကံ အစွမ်းကြောင့် ရက္ခိုသ်ဘီလူးစသော ငရဲထိန်းများဖြစ်ကြ၏။ ညှဉ်းပန်း နှိပ်စက်သော အကုသိုလ်ကံကြောင့်ကား တစ်လှည့်တစ်ပြန် ခံရဦးမည်သာ ဖြစ်၏။

ဤမျှလောက်ဆိုလျှင် မေးခွန်း သုံးခုလုံးအတွက် ပြည့်စုံသွားပါလိမ့်မည်။ (လယ်တီဆရာတော်ဘုရားကြီး၏ သီလဝိသောဓနီကိုမှီးပါသည်။)